# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၇)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၉-၇-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲ လွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာ



**မန္တလေး ဇူလိုင် ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ်၏ ဖိတ်ကြားချက်အရ တီဟီရန်မြို့၌ ကျင်းပပြုလုပ်မည့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် မစ္စတာမာဆော့ ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား (Swearing-in Ceremony) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၈

| | | | |
|---|---|---|---|
| ရေး | ၈ ဒသမ | ၃၅ | လက်မ |
| မြိတ် | ၇ ဒသမ | ၆၀ | လက်မ |
| ကျုံပျော် | ၆ ဒသမ | ၁၀ | လက်မ |
| ကျောက်ဖြူ | ၅ ဒသမ | ၅၉ | လက်မ |
| ထားဝယ် | ၅ ဒသမ | ၁၆ | လက်မ |
| ဇလွန် | ၄ ဒသမ | ၅၃ | လက်မ |

## ယနေ့ ဖတ်စရာအညွှန်း

ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်း(ဆောင်းပါး)

စာမျက်နှာ ၆

ထူးခြားသောဖွဲ့စည်းမှုအသစ်ဖြင့် ရေခဲ သုညကို ဂျပန်သုတေသီများ ရှာဖွေတွေ့ရှိ

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၈ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# ကိုယ်စွမ်းဉာဏ်စွမ်းတို့ဖြင့် ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်အားကိုယ်ကိုးတတ်ပါစေ

လူ့လောကတွင် မိမိတာဝန် မိမိကျေပွန်အောင် ကြိုးစားပါက အကျိုးရလဒ်ကောင်းများကို ခံစားရရှိပြီး အောင်မြင်မှုသုခချမ်းသာ ရရှိနိုင်မည်ဖြစ်သည်။ မိမိတာဝန်ကို ကောင်းစွာမထမ်း၊ ကိုယ့်အား ကိုယ်မကိုးတတ်သူသည် ဆိုးကျိုးများကိုရရှိစေမည်ဖြစ်သည်။ ထို့ကြောင့်လောကအလယ်တွင် သာယာတင့်တယ်နိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်အားကိုယ်ကိုးရန် သင့်ပါသည်။လူ့တွင်သာမက သဘာဝတရားပင်လျှင် ပန်းပွင့်များသည်လည်း မိမိအလှကို တင့်တယ်စေရန်လောကကို အလှဆင်ကာ မိမိတာဝန်ကို ထမ်းဆောင်နေကြသည်။ လူသားတို့အတွက် အရေးပါလှသော နေနှင့်လတို့သည် လည်း သူတို့၏တာဝန်ကို ကျေပွန်စွာထမ်းရွက်၍ လူသားတို့၏ အကျိုးကို ဆောင်ကြဉ်းလျက်ရှိသည်။

ကိုယ့်ဝန်ကိုယ်ထမ်း၍ တာဝန်ကျေပွန်စေရန် ကြိုးစားကြရာ၌ မိမိကိုယ်ကို အားကိုးမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်အားကိုယ်ကိုး၍ ခံစားရရှိလာသော ကိုယ်ပိုင်ချမ်းသာနှင့် ကိုယ်ပိုင်ဂုဏ်မျိုးဖြင့် တင့်တယ်နိုင်စေရန် မိမိကိုစွ၊ မိမိတာဝန်ကျေပွန်တတ်စေမည့် သဘောမျိုးမွေးမြူသင့်ပါသည်။

လူသားတိုင်း၏ အလုပ်တာဝန်များသည် အညစ်အကြေးစွန့်သည့်ကိစ္စမှအစ ရုံးအလုပ်၊ ကျောင်းအလုပ်တာဝန်များကို ထမ်းဆောင်ရသည့်အဆုံး ကိုယ့်အားကိုယ်ကိုးမှ ပြည့်စုံနိုင်မည်ဖြစ်သည်။ ငယ်ရွယ်စဉ် ကလေးဘဝ မိမိအညစ်အကြေးကို မိမိ၏ မိခင်က သိမ်းကျုံးပေးသော်ငြားလည်း အသက်အရွယ်ကြီးလာသည့်အချိန်တွင် ကိုယ့်အားကိုယ်ကိုး၍ သိမ်းကျုံးရမည်ဖြစ်သည်။ ထိုမျှမကသေး နေ့စဉ်တာဝန်များဖြစ်သည့် အိပ်ရာသိမ်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ရုံးအလုပ်တာဝန်၊ ကုမ္ပဏီအလုပ်တာဝန်၊ ကျောင်းသင်ခန်းစာများစသည်ဖြင့် မိမိတို့၏ ကျရာတာဝန်အသီးသီးကို ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုမှသာ မိမိဘဝကို ကောင်းစွာရပ်တည်နိုင်မည်ဖြစ်သည်။

မိမိတာဝန်ကို မိမိကောင်းစွာ မထမ်းရွက်နိုင်ပါက ပတ်ဝန်းကျင်လောကအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်သာမက ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်တာဝန်ကို ကောင်းစွာ ထမ်းရွက်ခြင်းနှင့် စိတ်သဘောထားမြင့်မြတ်ခြင်း၊ နိမ့်ခြင်းတို့သည်လည်း တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ စိတ်သဘောထားမြင့်မြတ်သောသူသည် တစ်ပါးသူအား မိမိအတွက်နှင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အလို့ငှာ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင်ထမ်းရွက်လျက်ရှိသည်။ ထိုမျှမက မိမိ၏ တာဝန်များကို ဆောင်ရွက်ရင်းကပင် တစ်ပါးသူတို့ကိုလည်း ကူညီတတ်ကြသည်။ မည်သူမဆို ကိုယ်စွမ်းဉာဏ်စွမ်းတို့ဖြင့် မိမိတာဝန်ကို ကောင်းစွာထမ်းရွက်နိုင်ခဲ့လျှင် လောကကြီးဖွံ့ဖြိုးတိုးတက်သာယာနိုင်မည်ဖြစ်သည်။ အချို့သောသူများသည် မိမိတို့၏ တာဝန်များကို အသက်ကိုပင်စွန့်၍ ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာလူသားတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းတို့ဖြင့် ကျရာတာဝန်များကို ယူတတ်ပြီး ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်အားကိုယ်ကိုးတတ်ပါက မိမိတို့၏ မိဘ၊ ဆွေမျိုး၊ ဆရာသမား၊ အသိုင်းအဝိုင်းဂုဏ်ကို တင့်တယ်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ၁၃၈၅-၁၃၈၆(၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ကျင်းပပြုလုပ်ရာပါမောက္ခချုပ်ဆရာတော်အမှူးပြုသည့် ပါမောက္ခ၊ ဌာနမှူးဆရာတော်များ၊ သင်တန်းသားသံဃာတော်များ ကြွရောက်၍ ပြင်ပပညာရှင်ဆရာကြီးများ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

စာတမ်းဖတ်ပွဲ အခမ်းအနားတွင်ဘဒ္ဒန္တစန္ဒိမာ(နည်းပြ၊သုတ္တန္တပိဋကမဟာဌာန)က ''ဘုရားရှင်၏ ပထမဆုံးရာဇဂြိုဟ်ပြည်ခရီးစဉ်'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဇဋိလ (လက်ထောက်ကထိက၊ ဗုဒ္ဓသာသနာပြန့်ပွားရေးပညာဌာန)က ''ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက် သာသနာရေး အခြေအနေများကို လေ့လာခြင်း'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဂန္ဓသာရ (နည်းပြ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန)က ''မရမ္မရဋ္ဌိက ထေ္ထရေဟိကထာပါဠိဂန္ထာ'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကေသရ (ကထိက၊ ပိဋကတ်ဆိုင်ရာ၊ အင်္ဂလိပ်စာပေဌာန)က "The Buddha's Personal Welcomes: Spiritual Journeys of Thera Mahakassapa and Thera Mahakappina" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဝိစိတ္တ (ဌာနစုမှူး၊ ပိဋကတ်တိုက်ဌာန)က ''တက္ကသိုလ်နှင့် စာကြည့်တိုက်'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တနာဂသေန (လက်ထောက်ကထိက၊ အဘိဓမ္မ ပိဋကမဟာဌာန)က ''ဂေါတြဘူပုဂ္ဂိုလ်ကို လေ့လာခြင်း'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကောသလ(ဌာနစုမှူး၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန)က ''ကျေနှင့် ကြေဝေါဟာရအသုံးတို့ကို နှိုင်းယှဉ်လေ့လာခြင်း''စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကဝိန္ဒ(နည်းပြ၊ ဝိနယပိဋကမဟာဌာန)က ''လူ့သီလနှင့်သီလရှင်သီလကို နှိုင်းယှဉ်လေ့လာခြင်း'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကုမာရ(ဌာနစုမှူး၊ သုတေသန၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)က ''တက္ကသိုလ်နှင့်သုတေသနလုပ်ငန်းများ'' စာတမ်းခေါင်းစဉ်ကိုလည်းကောင်း စုစုပေါင်းစာတမ်းရှင် ဆရာတော်(၉)ပါးတို့က ဖတ်ကြားဆွေးနွေးကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲအခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရရှိသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဓ)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် ပညာပေးဆောင်ရွက်နေ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအနေဖြင့် မြို့နေပြည်သူများအနေဖြင့် စနစ်တကျအမှိုက်စွန့်ပစ်ရေးအတွက် မြို့နယ်အလိုက် ပညာပေးလုပ်ငန်းများဆောင်ရွက်နေပြီး အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနတာဝန်ရှိသူက ပြောသည်။

သန့်ရှင်းရေးဌာနအနေဖြင့် မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဓိကမြောင်းမကြီးများနှင့် ရေနုတ်မြောင်းများမှ အမှိုက်ဆယ်ယူခြင်းတို့ကိုလည်း ဆောင်ရွက်နေသည်ဟုဆိုသည်။

''မန္တလေးမှာ အမှိုက်စွန့်ပစ်မှုကိုကြည့်ရင် စည်းကမ်းလိုက်နာမှုနည်းသေးလို့ စည်းကမ်းရှိစွာ အမှိုက်စွန့်ပစ်ဖို့အတွက် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ပညာပေးလုပ်ငန်းဖြစ်တဲ့ အမှိုက်မပစ်ရ ဆိုင်းဘုတ်တွေကို ရေမြောင်းနေရာတွေ၊ အမှိုက်ပစ်ရန်မဟုတ်တဲ့နေရာတွေမှာ တားမြစ်ဆိုင်းဘုတ်တွေ ထောင်ထားတယ်။ အမှိုက်သိမ်းရင်းနဲ့ပညာပေးလက်ကမ်းစာစောင်တွေ ဝေငှတယ်''ဟု ၎င်းကပြောသည်။

မန္တလေး(၆)မြို့နယ်မှ တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၃၀၀ ကျော်ထွက်ရှိပြီး အမှိုက်သိမ်းယာဉ်ကြီးပေါင်း၂၈၀၊ သုံးဘီးယာဉ်ပေါင်း ၂၅၀ဖြင့် နေ့စဉ်အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်လျက်ရှိပြီး မြို့၏ မြောက်ဘက်ပိုင်းဖြစ်သည့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေမြို့နယ်များမှ အမှိုက်များကို ကျောက်ကြမ်းတောင်တွင်လည်းကောင်း၊ တောင်ဘက်ပိုင်းဖြစ်သည့် ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်မှ အမှိုက်များကို တောင်အင်းမြောက်အင်းတွင်လည်းကောင်း စွန့်ပစ်ကြသည်။

''မြို့တော်သန့်ရှင်းရေး သာယာလှပရေးအတွက် ဌာနတစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ နေထိုင်ကြတဲ့ အများပြည်သူပူးပေါင်းပါဝင်ပြီး စနစ်တကျအမှိုက်စွန့်ပစ်ကြခြင်းဖြင့် ကူညီကြရမှာပါ။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာတွေ့ရှိရင် ဒဏ်ရိုက်အရေးယူတာဖြစ်လို့ စနစ်တကျ အမှိုက်စွန့်ပစ်ဖို့လိုပါတယ်''ဟု ဆက်လက်ပြောကြားသည်။

အမှိုက်သိမ်းဆည်းရာတွင် အဓိကလမ်းမကြီးများ၌ အမှိုက်သိမ်းယာဉ်ကြီးများဖြင့် လည်းကောင်း၊ လမ်းသွယ်များတွင် အမှိုက်သိမ်းယာဉ်ငယ်နှင့် သုံးဘီးယာဉ်များဖြင့်လည်းကောင်း အမှိုက်သိမ်းဆည်းခြင်းကို နေ့စဉ်ဆောင်ရွက်နေသည့်အပြင် မြို့နယ်အလိုက် အမှိုက်စွန့်ပစ်ရန် နေရာများ သတ်မှတ်ထားရှိပေးထားကြောင်းသိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုများနှင့် ရှေးဟောင်းရေကန်များ တူးဖော်ပြုပြင်ထိန်းသိမ်းခြင်း အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထီးလိုမင်းလို ဘုရားတွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ အာရုံခံ အရပ်လေးမျက်နှာနှင့် အပေါ်ထပ်ရှိ ဆင်းတုတော်ကိုးဆူ ရွှေသင်္ကန်းပြန်လည်ကပ်လှူခြင်းဆောင်ရွက်နေမှု၊ ဘုရားပရဝဏ်အတွင်း ရင်ပြင်တော်အုတ်ခုံနှင့် စေတီပတ်လျှောက်လမ်းအကြား သဲကျောက်ပြား လျှောက်လမ်းခင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘုရားအပေါ်ထပ် လိုဏ်ပတ်လမ်းရှိ ဆင်းတုတော်လေးဆူတွင် ရွှေဆိုင်း ၃၂၅ ဆိုင်းနှင့် အောက်လိုဏ်ပတ်လမ်းရှိ ဆင်းတုတော်ငါးဆူတွင် ရွှေဆိုင်း ၄၄၀ ကပ်လှူမည်ဖြစ်ပြီး စုစုပေါင်း ဆင်းတုတော် ၉ ဆူတို့အား ရွှေသင်္ကန်း ပြန်လည် ကပ်လှူပူဇော်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် အခြေအနေ၊ သစ်စေးသုတ်ခြင်း၊ အခြောက်ခံခြင်း လုပ်ငန်းများပြီးစီးပြီဖြစ်၍ ရွှေသင်္ကန်း ကပ်လှူခြင်း များ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ထီးလိုမင်းလို ဘုရားတံတိုင်းနှင့် ရင်ပြင်ခုံတို့အကြား ပတ်လည် သဲကျောက်ပြား လျှောက်လမ်းခင်းခြင်းနှင့်ပတ်သက်၍ လျှောက်လမ်းအရှည် ၁ဝ၅၈ ပေ၊ အကျယ် ခြောက်ပေ ဆောင်ရွက်မှုသည် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဆောင်ရွက်ဆဲ လမ်းညွှန်ချက် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လမ်းညွှန်ချက်များတွင် မပါဝင်သော်လည်း လုပ်သင့် လုပ်ထိုက်သည်များကို ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် Archaeological Survey of INDIA (ASI) အဖွဲ့တို့ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ခဲ့သည့် ညောင်ဦးမြို့နယ် သိကြားပုန်းဘုရားအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ASI အဖွဲ့ တာဝန်ရှိသူများက နံရံပန်းချီနှင့် အဆောက်အအုံ ကြံ့ခိုင် ထိန်းသိမ်းရေးဆောင်ရွက်မှု အခြေအနေကို ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ကားရပ်နားရန် မြေသားနေရာ တိုးချဲ့ဆောင်ရွက်ရန်၊ တပ်ဆင်ထားသည့် ထရန်စဖော်မာ၊ မီးကြိုး၊ မီးလုံးများ ပျောက်ဆုံး ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချည်မျှင်နှင့်အထည်စက်ရုံများ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ်ရှိ ဝါ၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင် မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)သို့ ရောက်ရှိပြီး ဈေးကွက်ဝင်ချည်များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံရှင်းလင်းဆောင်၌ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်တွင်းမှ ထွက်ရှိသည့် ၁/၄၀ ချည်များဖြင့် အထည်များရက်လုပ်ရာတွင် တိုင်ချည်အဖြစ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ချည်တစ်ပင်ချင်းစီ၏ ဆွဲဆန့်ခံနိုင်မှုကို ပိုမိုမြင့်မားစေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် စစ်ဆေးရမည့်နေရာများ သတ်မှတ်၍ စစ်ဆေးဆောင်ရွက်ရန်၊ ထို့ပြင် ချည်လုံးများ၏ အရွယ်အစား ညီညွတ်မှုရှိစေရေး၊ ချောမွေ့မှု ရှိစေရေးအတွက် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ချိန်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဝါမှ အထည်အလိပ်ဖြစ်သည်အထိ ဆောင်ရွက်ရသည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက် လာသည်နှင့်အမျှ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများကို ပိုမိုရရှိလာမည်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင် ရွက်ရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ အမှတ်(၂) အထည်စက်ရုံ (ပလိပ်)သို့ ရောက်ရှိပြီး ချည်များထုတ် လုပ်နေမှု၊ ဆေးဆိုးနေမှု၊ အထည်ဖြတ်စညှပ်စများမှ ချည်များပြန်လည်ထုတ်လုပ်နေမှု (Texitile Circular Economy) အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် တီထွင် ကြံဆ၍ ကြိုးစားစီမံဆောင်ရွက်သွားရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး စက်ရုံ အစည်းအဝေးခန်းမ၌ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) နှင့် ဆေးဝါးစက်ရုံ (အင်ရောင်း) တို့မှ အရာထမ်းများ နှင့်တွေ့ဆုံ၍ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်း ချိုသာသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အတွက် အလေအလွင့်မရှိအောင် ကြိုးကြပ်ဆောင် ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း) သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝမ်းတွင်းမြို့ နယ်ရှိ ဝါ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင် များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များအနေဖြင့် ဝါမှ အထည်အလိပ် ဖြစ်သည်အထိ ဆောင်ရွက်ရသည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင် များက ကဏ္ဍအလိုက် လိုအပ်ချက်များကို ရှင်းလင်း တင်ပြကြရာ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)၊ Leders Textile Public Co., Ltd. နှင့် ဖိုးပြုံးချိုကုမ္ပဏီတို့တွင် အထည်များရက်လုပ်နေမှု၊ ချည်မျှင်များ ထုတ်လုပ် နေမှု၊ ချည်များအားဆေးဆိုးနေမှု၊ ဂျပန်ရိုးရာအထည် များ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီရက်ကန်း စက်များဖြင့် ပိတ်များရက်လုပ်နေမှု၊ ပြည်ပပို့ကုန် အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ တို့ကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၄၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့် ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်း ဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံ တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခ များ ထည့်သွင်းတွက်ချက်၍ပြည်တွင်းဈေးကွက် ၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေး လျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက် နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၉ ရက် မှဩဂုတ် ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၄၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ် ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည် နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထား သည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများ ကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၏ Facebook Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

ဂျပန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် (၉၀+၂)မိနစ်တွင် ကုမာဂေး၊ ပွဲချိန် (၉၀+၆)မိနစ်တွင် တာနီကာဝါတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အုပ်စု(C) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၁၁နာရီ ၃၀မိနစ်က စပိန်အသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန် အသင်းက နိုင်ဂျီးရီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၆မိနစ်တွင် အဲလက်စ်က သွင်းယူပေးခဲ့သည်။

အုပ်စု (B)ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၁၁နာရီ ၃၀မိနစ်က ဩစတြေးလျအသင်းနှင့် ဇမ်ဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအသင်းက ဇမ်ဘီယာအသင်းအား ခြောက်ဂိုး၊ ငါးဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

(နိုင်ကမ္ဘာ)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည် တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဇူလိုင် ၂၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော် ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ၇ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသော ရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ခြင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ (ဖုန်း ၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၈

စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်တွင် ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်သည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၁၀ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။



အဆိုပါမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်




## "Peacock Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် ဇူလိုင် ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထား မှတ်ချက်ပြုထားသည့် " Peacock Pansy " လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ဇူလိုင် ၃၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇူလိုင် ၃၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ အာဟာရတိုက်ကျွေး

ညောင်ဦး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု မိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကြက်သားဆန်ပြုတ်အာဟာရတိုက်ကျွေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါအာဟာရတိုက်ကျွေးခြင်းသို့ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်၊ ခရိုင်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်နှင့် အသင်းဝင်များ၊ ညောင်ဦးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကြက်သားဆန်ပြုတ်အာဟာရတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ

## ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း

ညောင်ဦး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေ ရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်(စနေနေ့တိုင်း) အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယမန်နေ့က Bagan Plastic Campaign အဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီးတောင်ဘက် မြေနီလမ်း၌ စုရပ်ပြုလုပ်၍ မွေ့ရံကြီးဘုရားလမ်းခွဲမှ ရွှေနန်းရင်တော်ဘုရားစုအထိ လမ်းဘေး ဝဲ၊ယာတစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

Bagan Plastic Campaign အဖွဲ့က ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်၊ ပြည်သူများ ပလတ်စတစ်အမှိုက်များ စွန့်ပစ်ရာ၌ သတ်မှတ်အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်း လုပ်ငန်းကို ၂၀၁၄ ခုနှစ်မှ စတင်ကာ ယနေ့အထိ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူ သွားလာသော ကားလမ်းမကြီးဘေး ဝဲ၊ယာများနှင့် မြို့အဝင်၊အထွက် နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)





## ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(ကုန်တင်/ခေါက်တို)၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တက်ရောက်ချီးမြှင့်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ(ကုန်တင်/ခေါက်တို)မှ ယနေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်သည့် ယာဉ်လုပ်သားများ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ပွဲအခမ်းအနားကို အသင်းရုံးခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး၊ ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မန္တလေး)နှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင်များ၊ ယာဉ်လုပ်သားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

''ကုန်တင်/ခေါက်တို ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီက ယာဉ်လုပ်သားတွေရဲ့ လူမှုဘဝတိုးတက်ရေးနဲ့ ဘက်ပေါင်းစုံကနေ ကူညီဆောင်ရွက်ပေးနေသလို ဥပဒေမှာပါရှိတဲ့အတိုင်း ခံစားခွင့်တွေရရှိဖို့ ဆောင်ရွက်ပေးနေတယ်လို့သိရတယ်။ ပညာသင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ တစ်ချိန်မှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်ကြမှာဖြစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင် ခေါင်းဆောင်ကောင်းတွေဖြစ်လာအောင် ကြိုးစားကြပါ'' ဟု ဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(ကုန်တင်/ခေါက်တို)ဥက္ကဋ္ဌ ဦးသန်းအောင်က ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစီအစဉ်အရ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများကို ဝန်ကြီးနှင့်တကွ တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး အခြေခံပညာ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၆၀ ဦး၊ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၇၃ ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၄ ဦး၊ စုစုပေါင်း ၂၇၃ ဦးတို့ကို ထောက်ပံ့ချီးမြှင့်ခဲ့ရာ စုစုပေါင်း ငွေကျပ်(၈၉၁၀၀၀၀)ကျော် ဖြစ်ကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## AGTI ကျောင်းသားဟောင်းများအသင်း ဆရာကြီး၊ ဆရာမကြီးများအား ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဇူလိုင် ၂၈**

မြန်မာနိုင်ငံ AGTI ကျောင်းသားဟောင်းများအသင်း(MAS)မှ ကြီးမှူးကျင်းပသော အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၂၄ ခုနှစ်အတွင်း(ဒုတိယအကြိမ်)မြောက် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ နန်းဦးတိုက် မော်လမြိုင်ကျောင်းဓမ္မရိပ်သာ၌ ကျင်းပသည်။



အခမ်းအနားသို့ G.T.I ကျောင်းအသီးသီးတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၊ Myanmar A.G.T.I Society ဒုတိယဥက္ကဋ္ဌနှင့် မန္တလေးရုံးခွဲ ဥက္ကဋ္ဌ ဦးကျော်ဝေ၊ နာယကကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန္တလေးအခြေစိုက် G.T.I ကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ G.T.I ကျောင်းသားဟောင်းများအသင်း (MAS)ဒုတိယဥက္ကဋ္ဌနှင့် မန္တလေးရုံးခွဲဥက္ကဋ္ဌ ဦးကျော်ဝေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ မန္တလေးအခြေစိုက် အသက်(၇၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး (၂၉)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသက် (၇၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း အသက် ၈၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၁၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေများကို အသင်းနာယကကြီးများ၊ မန္တလေးရုံးခွဲဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက တစ်ဦးချင်းပေးအပ်ကြရာ ဆရာကြီး၊ ဆရာမကြီးများက ဝမ်းသာပီတိစကားများပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ကျောင်းသားဟောင်း ဦးခင်မောင်ဝင်း(တိုင်းမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)နှင့် ဦးကျော်ဝေ (A.G.T.I ကျောင်းသားဟောင်းများအသင်း(မန္တလေးရုံးခွဲဥက္ကဋ္ဌ)+ ဒေါ်ဆွေသဇင်မိသားစုတို့က နေ့လယ်စာထမင်းဟင်း၊ အချိုပွဲတို့ဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ မော်လမြိုင်ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းတို့အတွက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

## အင်ဂျင်ပါဝါသုံး (၆)တန်းသွားလက်ဆွဲ ကောက်စိုက်စက်ဖြင့် မိုးစပါးများ လက်တွေ့စိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အမှတ်(၈၁)စက်မှုလယ်ယာစခန်းမှ တောင်သူများနှင့်ပူးပေါင်းပြီး အင်ဂျင်ပါဝါသုံး (၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကြောင်ပန်းကုန်းကျေးရွာအုပ်စု တောင်သူ ဦးဇော်ထွန်းမြိုင် ကွင်းအမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၅-၂) လယ်မြေ (၃)ဧကတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအင်ဂျင်ပါဝါသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်သည် ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ သုတေသနပြုထုတ်လုပ်ထားပြီး အင်ဂျင်ပါဝါ (၁ ဒသမ ၅)ကီလိုဝပ်၊ အလေးချိန် (၆၅)ကီလိုဂရမ်၊ အလျား (၁၁၁၀)မီလီမီတာ၊ အနံ (၁၅၉၅)မီလီမီတာ၊ အမြင့် (၆၁၀)မီလီမီတာရှိပြီး တန်းကြားအကွာအဝေး(၂၃၀)မီလီမီတာ၊ ပင်ကြားအကွာအဝေး(၁၀၀-၁၈၀)မီလီမီတာ၊ စိုက်တန်းအရေအတွက်(၆)တန်းဖြင့် ထုတ်လုပ်ထားသည့် အပေါ့စားကောက်စိုက်စက်အမျိုးအစားဖြစ်ကြောင်း သိရသည်။

လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးသီးနှံများစိုက်ပျိုးရာတွင် စနစ်တကျ တန်းကျအကွာအဝေးဖြင့် စိုက်ပျိုးနိုင်ခြင်း၊ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စပါးပျိုးသက်တမ်းနုချိန်တွင် စိုက်ပျိုးခြင်းကြောင့် အပင်ပွားနှုန်းကောင်းမွန်များပြားခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ သမားရိုးကျစိုက်နည်းဖြစ်သော လူအင်အားသုံးလက်ဖြင့် စိုက်ပျိုးသကဲ့သို့ ကောက်ပင်လှန်ချိန်စောင့်ရန်မလိုခြင်း၊ စိုက်ပျိုးရာ၌ လူ(၂)ဦးသာ လိုအပ်ပြီး အမျိုးသမီးများပါ လွယ်ကူစွာစိုက်ပျိုးနိုင်သည့်အပြင် စပါးတစ်ဧကစိုက်ပျိုးပါက ၁ နာရီ ၄၅ မိနစ်မှ ၂ နာရီအထိ ကြာမြင့်သောကြောင့် အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



## ရေအခက်အခဲရှိနေရာများ ရေလိုက်လံလှူဒါန်းပေး



**မန္တလေး ဇူလိုင် ၂၈**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်တွင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရေဘောက်ဆာကားဖြင့် မြို့နယ်အတွင်းရှိ ရေအခက်အခဲရှိနေရာများအား ရေလိုက်လံလှူဒါန်းပေးခဲ့ကြသည်။

ရေလိုက်လံလှူဒါန်းမှုများတွင် အနိပ်တော်ရပ်ကွက် ၁၉လမ်း၊ လမ်း ၆၀ နှင့် ၆၁ လမ်းကြားရှိ အမှတ်(၁)နယ်မြေရဲစခန်းဝန်ထမ်းလိုင်းခန်းသို့ ရေဂါလံ ၁၆၀၀ ဂါလံ၊ ဒေါနဘွားရပ်ကွက်၊ ၁၂ လမ်း၊ ၆၄လမ်းနှင့် ၆၆လမ်းကြားရှိ အမှတ်(၁၀)သတင်းတပ်ဖွဲ့ရုံးသို့ ရေဂါလံ ၁၆၀၀ ၊ ဥပုသ်တော်ရပ်ကွက်၊ ၆၈လမ်း၊ ၁၀ လမ်းနှင့် ၁၂လမ်းကြားရှိ အများသုံးရေကန်တွင် အိမ်ထောင်စု ၈၀ စုအတွက် ရေဂါလံ ၆၀၀၀ ဂါလံတို့အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၇၀)

# ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်း

ယခုနှစ်တွင်လည်း ယခင်နှစ်များသကဲ့သို့ ဝါဆိုသင်္ကန်းကပ်လှူနိုင်ရန် ကျွန်တော်တို့တစ်တွေသည် နေပြည်တော်၊ ပျဉ်းမနားသို့ ရောက်ရှိနေကြပါသည်။ ကျွန်တော်တို့သည် ဩဝါဒါစရိယဆရာတော်ကြီးများထံသို့ လာရောက်၍ ကြိုတင်လျှောက်ထားခြင်း ဖြစ်သည်။ ကာလဒါနဝါဆိုသင်္ကန်းကပ်လှူနိုင်ရေး ဦးဆောင်ကြသူ ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး နေထိုင်ကြရာ နေရာဒေသချင်း မတူညီကြပါ။ အောက်ပိုင်းဒေသတွင် ရန်ကုန်၊ ဒလ၊ မကွေး၊ အလယ်ပိုင်းဒေသတွင် ပျဉ်းမနား၊ မိတ္ထီလာ၊ အထက်ပိုင်းဒေသတွင် မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ စသည်တို့တွင် နေထိုင်ကြသူများဖြစ်သည်။ ဝါဆိုသင်္ကန်းကပ်လှူနိုင်ရေး ဦးဆောင်သူများ ညှိနှိုင်းဆွေးနွေးရန်လည်း ရှိပေသေးသည်။ ထို့ကြောင့် တစ်ပေါင်းတစ်စည်းတည်း စုစည်းနိုင်ရန် နေပြည်တော်၊ ပျဉ်းမနားကို စုရပ်အဖြစ်ထားကာ စုဝေးကြခြင်း ဖြစ်သည်။

ယခင်နှစ်၏ ရှေ့နှစ်ကဆိုလျှင် ဝါဆိုသင်္ကန်းလှူဒါန်းကြသူအားကောင်းသဖြင့် ဩဝါဒါစရိယကျောင်း ၅ ကျောင်းရှိ သံဃာများအပြင် ပိုလျှံသင်္ကန်းအစုံ ၇၅ စုံကိုလည်းကောင်း၊ ပြီးခဲ့သည့်နှစ်က ပိုလျှံသင်္ကန်း ၆၂ စုံကိုလည်းကောင်း၊ ပျဉ်းမနားမြို့ပေါ်ရှိ ပါဠိတက္ကသိုလ်ကဲ့သို့ စာသင်တိုက်ကြီးများကို ခွဲဝေလှူဒါန်းရသည်။ ထို့ကြောင့် ယခုနှစ်လည်း မည်သို့မည်ပုံလှူဒါန်းကြမည်မသိသဖြင့် ကျွန်တော်တို့ဦးဆောင်သူများသည် တိုင်ပင်နှီးနှောကြရသည်။

ထိုနေ့က ကျွန်တော်တို့ခေါင်းကြီးပိုင်း ၃၊ ၄ ဦး စောစီးစွာရောက်နှင့်နေကြသည်။ အချိန်ပိုင်းခြား၍ ရောက်လာကြသူများ၊ နောက်ရက်မှရောက်လာကြသူများ လူစုံသောအခါ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များတိုင်ပင်ကြပြီး နောက်တစ်နေ့ပြန်ကြတော့မည့် ညဦးပိုင်းတွင် ကျွန်တော့်အနီးသို့ မိတ္ထီလာမှ လူငယ်ခေါင်းဆောင် ကိုဝင်းဘို ရောက်လာခဲ့သည်။ သူသည် အနှောင်အဖွဲ့ကင်းရှင်းသူ၊ လူပျိုလူလွတ်၊ အစ်မများနှင့် အတူနေသူ။ မိတ္ထီလာတစ်ခွင်ကျေးရွာများတွင် ၅ ရက်တစ်ဈေး ရွာစဉ်လှည့်၍ ဈေးရောင်းနေသူ ဖြစ်သည်။ ငွေကြေးအတော်အသင့် ချောင်လည်သည်။ လှူနိုင်တန်းနိုင်သူလည်း ဖြစ်သည်။ ထို့ပြင် ကျွန်တော်တို့၏ ဘာသာရေးကိစ္စဆောင်ရွက်မှုတိုင်း အားကိုးရသူတစ်ယောက် ဖြစ်သည်။ ယခု ကျွန်တော်ထံ ရောက်လာ၍ သူသိလိုသောအကြောင်းအရာများကို မေးပါသည်။

‘အကို ...... ဝါဆိုသင်္ကန်းနဲ့ မိုးရေခံသင်္ကန်း မခွဲခြားတတ်လို့ ခွဲခြားပေးပါ။’

သူသိလိုသည်မှာ ယခုလိုဝါဆိုလတွင် ကာလဒါနအဖြစ် ကပ်လှူကြသည့် သင်္ကန်းနှင့်ပတ်သက်၍ လူများခေါ်နေကြသည်မှာ ‘ဝါဆိုသင်္ကန်း’ဟုတစ်မျိုး၊ ‘မိုးရေခံသင်္ကန်း’ဟုတစ်ဖုံ အမျိုးမျိုးခေါ်နေကြသည်ကို နားမလည်နိုင်သဖြင့် ရှင်းပြပေးရန်ပြောလာခြင်း ဖြစ်သည်။ အနီးအနားတွင် အခြားလူကြီးများလည်းရှိနေကြသည်မို့ လူငယ်၏သိလို၍ မေးလာသည်များကို လူကြီးတစ်ယောက်အနေဖြင့် မဖြေလို့ မဖြစ်တော့ပေ။ ထို့ကြောင့် ကျွန်တော်ဖတ်ဖူး၊ မှတ်ဖူးထားသောစာပေများကို ဖြစ်ညှစ်ပြီး စဉ်းစားရပါတော့သည်။

တော်ပါသေးသည် လွန်ခဲ့သည့်ရက်တစ်ပတ်က ကျွန်တော်၏မိတ်ဆွေ၊ ကျွန်တော်၏ဆရာဖြစ်သည့် ဆရာဦးခင်မောင်ဝင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)ငြိမ်းမှ ကျွန်တော်ကို ဖတ်ရန်ပေးထားသော ဆရာတော်အရှင်စန္ဒိမာ(ပေါက်)၏ ‘သီဟိုဠ်မှာသာတဲ့လ’ဆိုသည့် ဆောင်းပါးပေါင်းချုပ်ထဲက ဆောင်းပါးတစ်ပုဒ်ကို သတိရမိလိုက်သည်မို့ တော်သေးသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဝါဆိုသင်္ကန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ထိုစာအုပ်ပါအချက်အလက်များဖြင့် တန်ဆာဆင်၍ ပြောပြဖြစ်လိုက်ပါသည်။ ‘ဒီလိုကွ ..... ညီလေးရ .....။’

ဗုဒ္ဓဘာသာဝင်များသည် တစ်နှစ်တာကာလ မိုးတွင်းအခါရောက်လာလျှင် ဝါဆိုဝါကပ်တော်မူကြမည့် ရဟန်းသံဃာတော်အရှင်မြတ်များကို ဝါဆိုရန်နီးကပ်လာလျှင် ‘ဝါဆိုသင်္ကန်း’ဆိုပြီး ဆက်ကပ်လှူဒါန်းကြသည်။ သို့သော် ယနေ့ခေတ်လူငယ်တစ်ချို့နှင့် ကုသိုလ်ရှင်အများစုတို့သည် ‘ဝါဆိုသင်္ကန်း’(ဝဿဝါသိက)နှင့် မိုးရေခံသင်္ကန်း(ဝဿိကသာဋိက)ကို ကွဲကွဲပြားပြား မသိကြပေ။ ရောထွေးနေကြသည်။ ထို့ကြောင့် ပထမဦးစွာ မိုးရေခံသင်္ကန်းနှင့်ပတ်သက်သည့်အကြောင်း၊ မိုးရေခံသင်္ကန်းဖြစ်ပေါ်လာပုံသမိုင်း၊ မိုးရေခံသင်္ကန်း၏အလျား၊ အနံပမာဏ၊ မိုးရေခံသင်္ကန်းနှင့်ဆက်စပ်၍ ‘ရှာမှီးခွင့်အချိန်၊ ချုပ်ဆိုးခွင့်အချိန်၊ ဝတ်ရုံခွင့်အချိန်၊ အဓိဋ္ဌာန်တင်ခွင့်အချိန် စသည်ဖြင့် ခေတ်ကာလလေးမျိုးကို အရင်ပြောရပေမည်။

မိုးရေခံသင်္ကန်း ဖြစ်ပေါ်ရခြင်းအကြောင်းမှာ ဗုဒ္ဓဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးအနှံ့ မိုးကြီးသည်းထန်စွာ ရွာသွန်းပါသည်။ ဖြစ်တောင့်ဖြစ်ခဲ ကြုံကြိုက်ရန်ခဲယဉ်းသည့်မိုးဖြစ်၍ ရဟန်းတော်များကို မိုးရေသုံးသပ်ကြရန် မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူပါသည်။ တိစီဝရိတ်သင်္ကန်းသာခွင့်ပြုတော်မူသည်ကြောင့် ရဟန်းသံဃာတော်များမှာ ရေလဲ(ရေသနုပ်)မပါဘဲ ရေချိုးကြပါသည်။ ထိုစဉ်အခါ နောက်နေ့ဆွမ်းစားလာပင့်သော ဝိသာခါ၏အခိုင်းအစေများတွေ့မြင်သွားသည်မှစ၍ မိုးရာသီတွင် ရဟန်းသံဃာတော်များအတွက် ရေစိုလဲရန်ရေလဲ(ရေသနုပ်)၊ တစ်နည်း‘မိုးရေခံသင်္ကန်း’လှူဒါန်းခွင့်ပြုတော်မူပါရန် မြတ်စွာဘုရားရှင်အား လျှောက်ထားသည်မှစ၍ ‘မိုးရေခံသင်္ကန်း’ စတင်ခဲ့သည်။ ထို့ကြောင့် ‘မိုးရေခံသင်္ကန်းအစ ဝိသာခါက’ဟု ဆိုရမည် ဖြစ်သည်။

ထိုသို့ မိုးရေခံသင်္ကန်းခွင့်ပြုတော်မူသည်ကို အခွင့်ကောင်းယူကာ ဆဗ္ဗဂီရဟန်းတို့သည် အတိုင်းအတာပမာဏ သတ်မှတ်ချက်မရှိလုပ်ဆောင်ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် မိုးရေခံသင်္ကန်း၏အတိုင်းအတာကို သတ်မှတ်တော်မူသည်။ မိုးရေခံသင်္ကန်းသည် မြတ်ဘုရား၏အထွာတော်ဖြင့် အလျားသည် ၆ ထွာ၊ အနံသည် ၂ ထွာခွဲ ဖြစ်သည်။ မြတ်ဘုရားရှင်၏အထွာတော် တစ်ထွာသည် လက်သမားတို့၏အတိုင်းအတာအရ တစ်ထောင့်တစ်ထွာရှိသည်ဟု ‘ကင်္ခါအဋ္ဌကထာ’က ဆိုပါသည်။ ထို့ကြောင့် မိုးရေခံသင်္ကန်း၏ အလျားအနံကို ပေဖွဲ့လျှင် အလျား ၁၃ ပေ၊ ၆ လက်မ၊ အနံ ၅ ပေ၊ ၆ လက်မခန့် ရှိသည်။ ထိုထက်ပိုမို၍ ဆောင်ရွက်အသုံးပြုပါက ‘ပါစိတ်အာပတ်’သင့်သည်ဟု သိက္ခာပုဒ်ပညတ်တော်မူသည်(ဝိ၊ ၂၊ ၂၂၄)။ မိုးရေခံသင်္ကန်း အလျားရှည်ရခြင်းနှင့်ပတ်သက်၍ မဟာဂန္ဓာရုံဆရာတော် မိန့်ကြားတော်မူသည်မှာ မိုးရေခံသင်္ကန်းသည် ရေချိုးအိမ်၊ မြစ်၊ ချောင်းတို့တွင် အသုံးပြုသော သင်္ကန်းမဟုတ်၊ မိုးရွာသည့်အခါ မိုးရေခံသင်္ကန်းတစ်ပိုင်းကို ခါး၌ဝတ်၍ ကျန်တစ်ပိုင်းကို လွှမ်းခြုံထားရန် အလျားရှည်ရှည် ခွင့်ပြုတော်မူကြောင်း ဘုရားဥပဒေတော်ကြီး ၂၆၅၌ ဖော်ပြထားပေသည်။ မိုးရေခံသင်္ကန်းနှင့်စပ်၍ ရှာမှီးခွင့်ကာလ၊ ချုပ်ဆိုးခွင့်ကာလ၊ ဝတ်ရုံခွင့်ကာလ၊ အဓိဋ္ဌာန်တင်ခွင့်ကာလများ သတ်မှတ်ရာတွင် နယုန်လပြည့်ကျော် ၁ ရက်မှ နယုန်လကွယ်ထိ ၁၄ ရက်သည် ရှာမှီးခွင့်ကာလဖြစ်သည်။ ဝါဆိုလဆန်း ၁ ရက်မှ ဝါဆိုလပြည့်နေ့ထိ ၁၅ ရက်သည် မရရှိသေးပါက ဆက်လက်ရှာမှီးရန်နှင့် ချုပ်ဆိုးဝတ်ရုံခွင့်ရသောကာလ ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ ၄ လသည် မရရှိသေးပါက ဆက်လက်ရှာမှီးခွင့်၊ ချုပ်ဆိုးခွင့်၊ ဝတ်ရုံသုံးစွဲခွင့်၊ အဓိဋ္ဌာန်တင်ခွင့်ရသောကာလ ဖြစ်သည်။ မိုးရေခံသင်္ကန်းသည် လူအများ၏မြင်ကွင်းလွင်ပြင်၌ အသုံးပြုသောသင်္ကန်းဖြစ်၍ တစ်ထည်တည်းဖြင့် ကိုယ်ထည်၏အထက်ပိုင်း၊ အောက်ပိုင်း လုံခြုံစေသောသင်္ကန်းတော်ဟု မှတ်ယူရမည်ဖြစ်သည်။

ဝါဆိုသင်္ကန်း(ဝဿဝါသိက)သည် ဘုရားရှင်လက်ထက်တွင် ကျောင်းများဆောက်လုပ်လှူဒါန်းကြသော ကျောင်းအလှူများသည် ‘သံဃိကကျောင်း’များသာ ဖြစ်သည်။ ဝါဆိုကာလ မိုးလေးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူကြသည့် သံဃာတော်များသည် မိမိဆောက်လုပ်လှူဒါန်းထားသောကျောင်းတွင်စောင့်ရှောက်ရင်း သီတင်းသုံးနေသည်ကို ကျေးဇူးတင်သဖြင့်လည်းကောင်း၊ ကြည်ညိုသဒ္ဓါထက်သန်သဖြင့်လည်းကောင်း၊ ဝါဆိုသင်္ကန်းကို လှူဒါန်းကြသည်။ ထို့ကြောင့် ဝါဆိုသင်္ကန်းတွင် ‘သဒ္ဓါဒေယျ ဝါဆိုသင်္ကန်းနှင့် တတြုပ္ပါဒ သံဃိက ဝါဆိုသင်္ကန်း’ဟူ၍ နှစ်မျိုးရှိလေသည်။

အလှူရှင်တို့ကိုယ်တိုင် သဒ္ဓါတရားဖြစ်ပေါ်လာသဖြင့် လှူဒါန်းသောသင်္ကန်းကို ‘သဒ္ဓါဒေယျ ဝါဆိုသင်္ကန်း’၊ ဝါဆိုသင်္ကန်းအလို့ငှာ သံဃိကမြေအဖြစ် ထာဝရလှူဒါန်းထားသော လယ်၊ ယာ၊ ဥယျာဉ်၊ ခြံ၊ မြေတို့မှ ထွက်သောပစ္စည်းတို့ဖြင့် ကပ္ပိယကာရကတို့က လဲလှယ်၍ လှူဒါန်းသောသင်္ကန်းကို ‘တတြုပ္ပါဒ ဝါဆိုသင်္ကန်း’ဟု ဆိုပါသည်။ ‘သဒ္ဓါဒေယျ ဝါဆိုသင်္ကန်း’တွင်လည်း နှစ်မျိုးရှိပေသေးသည်။ စစ်ထွက်ခါနီးပုဂ္ဂိုလ်၊ အရေးတကြီး အခြားသို့ခရီးသွားစရာရှိသောပုဂ္ဂိုလ်၊ မကျန်းမာသူနှင့် ကိုယ်ဝန်ဆောင်သူ၊ သဒ္ဓါတရားအသစ်ဖြစ်လာသောပုဂ္ဂိုလ်တို့က သီတင်းကျွတ်လဆန်း ၅ ရက်မှ သီတင်းကျွတ်လပြည့်အထိ ၁၀ ရက်အတွင်း ‘ဝဿဝါသိကံ ဒမ္မိ’ဟုဆို၍ လှူဒါန်းသောသင်္ကန်းသည် ‘အစ္စေက ဝါဆိုသင်္ကန်း’ဟု ခေါ်သည်။ ထိုသင်္ကန်းကို စစ်ထွက်သွားခါနီးသော အမတ်တစ်ဦးအားအကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သည်။ ထိုသင်္ကန်းဟူသည် ဝါကျိုးဝါပျက်ခြင်းမရှိဘဲ ပုရိမဝါမှ ထတော်မူကြသော ရဟန်းသံဃာတော်များသာ ခံယူပိုင်ခွင့်ရှိသဖြင့် သံဃာတော်တို့သည် ထို‘အစ္စေက ဝါဆိုသင်္ကန်း’ကို အလှူမခံဝံ့ကြပေ။ သို့သော် မြတ်စွာဘုရားရှင်သည် သတ္တဝါအများကို သနားတော်မူသဖြင့် ထိုအဆောတလျင် လှူဒါန်းသော ‘အစ္စေက ဝါဆိုသင်္ကန်း’ကို ‘အနုဇာနာမိ ဘိက္ခဝေ အစ္စေကစီဝရံ ပဋိဂ္ဂဟေတွာ နိက္ခိပိတုံ၊’ ရဟန်းတို့ အစ္စေက ဝါဆိုသင်္ကန်းကို အလှူခံခြင်းငှာ ခွင့်ပြု၏’ ဟု မိန့်ကြားခဲ့သည်(ဝိ၊ ၁၊ ၃၇၄)။ နောက်ထိုသို့ အဆောတလျင် လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ ပုံမှန်အနေအားဖြင့် ဝါတွင်း၌ဖြစ်စေ၊ ဝါကျွတ်ကာလ၌ဖြစ်စေ ‘ဝဿဝါသိကံ ဒမ္မိ’ဟု လှူဒါန်းသောသင်္ကန်းကို ‘သာမညသင်္ကန်း’ဟု ခေါ်သည်။ ထိုသင်္ကန်းတို့ကို အလှူခံသောရဟန်းသည် အလှူခံပြီးနောက် ဝါကျိုးဝါပျက်မှုမရှိခဲ့လျှင် ဝါကျွတ်သောအခါ သုံးစွဲပိုင်ခွင့်ရှိသော်လည်း ဝါကျိုးဝါပျက်ခဲ့ပါမူ သံဃိကအဖြစ်သို့ ရောက်ရှိသွားသဖြင့် သံဃာအားပြန်လည်အပ်နှံရသည်။ ထိုသင်္ကန်းတို့ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သင်္ကန်းကာလကုန်အောင်ထိ ထားနိုင်သည်။ သင်္ကန်းကာလဟူသည် ကထိန်အာနိသင်မရလျှင် သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လဖြစ်သည်။ ကထိန်အာနိသင်ရပါက တပေါင်းလအထိ ငါးလတိုင်တိုင် အဓိဋ္ဌာန်ဝိကပ္ပနာမပြုထားနိုင်သည်။ သင်္ကန်းကာလကျော်လွန်ပါက အဓိဋ္ဌာန်တင်ဝိကပ္ပနာပြုရမည်။ အကယ်၍ အဓိဋ္ဌာန်တင်ဝိကပ္ပနာမပြုဖြစ်ဘဲ သုံးစွဲပါက ‘နိဿဂ္ဂိ’ထိုက်ကာ ပါစိတ်အာပတ်သင့်ပါသည်။ ထိုသို့အားဖြင့် ဝါဆိုသင်္ကန်းအကြောင်းမေးလာသူ ကိုဝင်းဘိုကို သူသိလိုသော ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်းအကြောင်းစုံကို ရှင်းပြရုံသာမက ထိုထက်ပိုမိုသိရှိစေရန် ဆရာတော်အရှင်စန္ဒိမာ(ပေါက်)၏ ‘သီဟိုဠ်မှာသာတဲ့လ’ဆောင်းပါးပေါင်းချုပ်စာအုပ်ပါ ပေးဖတ်လိုက်ပါသည်။

အချုပ်ဆိုရသော် မိုးရေခံသင်္ကန်းသည် မိုးရေချိုးသည့်အခါ အသုံးပြုသည့် တစ်ထည်တည်းသောသင်္ကန်း ဖြစ်သည်။ အလျား ၁၃ ပေ၊ ၆ လက်မ၊ အနံ ၅ ပေ ၆ လက်မ ရှိသည်။ ဝါဆိုသင်္ကန်းသည် သင်းပိုင်၊ ဧကသီဟူ၍ တစ်စုံရှိသည်။ သင်းပိုင်သည် အလျား ၈ ပေ၊ အနံ ၃ ပေ ၇ လက်မ။ ဧကသီသည် အလျား ၈ ပေ၊ အနံ ၆ ပေ ၈ လက်မ ရှိသည်။ ထို့ကြောင့် မိုးရေခံသင်္ကန်းနှင့် ဝါဆိုသင်္ကန်းတို့သည် အခြေခံဖြစ်ပေါ်လာပုံမှစ၍ လှူဒါန်းရာ၌ မတူခြားနားသည်ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များသည် ကာလဒါနဖြစ်သည့် ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်းကို ကွဲကွဲပြားပြားသိရှိစေရန် ရည်ရွယ်လျက် လေ့လာတင်ပြလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## တောင်ပိုင်းမင်းသမီး Samantha Ruth Prabhu ၏ ရုပ်ရှင်သစ် ထွက်ရှိမည်

တောင်ပိုင်းမင်းသမီး Samantha Ruth Rrabhu ကို ဘောလီဝုဒ်မင်းသား Shah Rukh Khan နှင့်တွဲ၍ ရုပ်ရှင်ကားသစ် ရိုက်ကူးမည်ဖြစ်သည်ဟု ဘောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာ Rajkumar Hirani နှင့် Shah Rukh Khan တို့၏ Dunki ရုပ်ရှင်သည် ဝင်ငွေအရ မြင့်မားခဲ့သော်လည်း မျှော်လင့်ထားသလောက် စံချိန်တင် အောင်မြင်မှုမရရှိခဲ့၍ Shah Rukh Khan ကို ဒါရိုက်တာက တောင်ပိုင်းမင်းသမီး Samantha Ruth Rrabhu နှင့်တွဲ၍ ရုပ်ရှင်ကားသစ်အတွက် ကမ်းလှမ်းခဲ့သည်။



တောင်ပိုင်းမင်းသမီးနှင့်တွဲ၍ Tiger Vs pathan ကို နောက်နှစ်တွင် ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိ Shah Rukh Khan သည် မင်းသမီး Suhana နှင့်အတူ The King ရုပ်ရှင်ရိုက်ရန် စီစဉ်နေသည်။ (SKY)

## Tiger Shroff ၏ Heropanti 2 မှာ Hacker ရုပ်ရှင်ဖြစ်

ဘောလိဝုဒ်အနုပညာရှင် Tiger Shroff ပါဝင်ထားသည့် Heropanti မှာ ၂၀၁၄ခုနှစ်က ထွက်ရှိခဲ့ပြီး အပိုင်းနှစ်ကို ၂၀၂၄ ခုနှစ်တွင် ထုတ်လွှင့်ပြသခဲ့ရာ Hacker ရုပ်ရှင်အဖြစ် မြင်တွေ့ရသည်။

ပထမကား၏ အဆက်ဖြစ်သော်လည်း အဆက်အစပ်မရှိဘဲ ဒုတိယပိုင်းတွင် ဘဏ်များကို Hacking လောကမှ မျက်လှည့်ဆရာ Hacker တစ်ဦးက ဖောက်ထွင်းဝင်ရောက်၍ အိန္ဒိယနိုင်ငံသားများ၏ အခွန်ဆောင်ထားသည့် ငွေများအားလုံးကို Hack ယူလိုက်သည်။

Tiger Shroff က Hacker ထက် ပိုတော်သူအဖြစ် ပါဝင်ထားပြီး ထောက်လှမ်းရေးအဖွဲ့သို့ဝင်ကာ အဆိုပါ Hacker ကို တားဆီးရန် ကြိုးစားပုံများကို အက်ရှင်ပိုင်းဇာတ်ကြမ်းကားအဖြစ် ရိုက်ကူးတင်ဆက်ထားသည်။

ဘောလိဝုဒ် Hacker များ အကြောင်းဖြစ်၍ ပရိသတ် စိတ်ဝင်စားခဲ့ကြသည်။ (SKY)




## Zhang Jing Yi ဇာတ်လမ်းများနှင့် အောင်မြင်သူစာရင်းဝင်ဖြစ်ခဲ့

တရုတ်အနုပညာလောကမှ ၂၀၂၁ခုနှစ်မှ ၂၀၂၄ခုနှစ်အတွင်း ဇာတ်လမ်းများနှင့် အောင်မြင်မှုရရှိထားကြသည့် အနုပညာရှင်အမျိုးသမီးများစာရင်းတွင် ၂၀၂၄ ခုနှစ်အတွက် Zhang Jing Yi စာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းအရ ဇာတ်လမ်းများ၏ပျမ်းမျှ V 30 အထက် Play Back Volume ရောက်ရှိခဲ့သည့် ထိပ်ဆုံးလေးဦးစာရင်းတွင် ၂၀၂၂ခုနှစ် Love Between Fairy and Devil နှင့် Yu Shu Xin၊ ၂၀၂၃ခုနှစ် Hidden Love နှင့် Zhao Lusi နှင့် Scent of Time နှင့် Zhou Ye တို့ စာရင်းဝင်ခဲ့ကြသည်။

၂၀၂၄ခုနှစ် Blossoms In Adversity နှင့် Zhang Jing Yi က ယင်းစာရင်းတွင် ပါဝင်ခဲ့ပြီး ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်။ (SKY)

## Jennifer Lawrence က A 24 ရုပ်ရှင်သစ်များ ရိုက်ကူးနေ



Oscar ဆုရှင် Jennifer Lawrence သည် ၂၀၂၄ခုနှစ်အတွင်း ရုပ်ရှင်ကားများစွာ ရိုက်ကူးနေရာ A 24 ကုမ္ပဏီ၏ Project များလည်း လက်ခံရိုက်ကူးနေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jennifer Lawrence သည် Indie ရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် A 24 ၏ Cause Way တွင် ပါဝင်ခဲ့ပြီး The Wives နှင့် Why Don't You Love Me ရုပ်ရှင်နှစ်ကားတွင် သရုပ်ဆောင်အဖြစ်သာမက ထုတ်လုပ်သူအဖြစ်ပါ ရိုက်ကူးသွားမည်ဖြစ်ပါသည်။

အဆိုပါရုပ်ရှင် The Wives မှာ Bravo ရုပ်သံလိုင်း၏ အစီအစဉ်တစ်ခုဖြစ်သည်။ The Real Housewives of Beverly Hills ကို အခြေတည်ထားသည့် လူသတ်ဆန်းကြယ်ဇာတ်လမ်းဖြစ်သည်။

အိမ်ထောင်ရေးပြဿနာနှင့် ကြုံတွေ့နေရသည့် လင်မယားအကြောင်း ရိုက်ကူးထားသည့် Why Don't You Love Me? မှာ ရုပ်ပြဇာတ်လမ်းကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ (SKY)





## ထူးခြားသောဖွဲ့စည်းမှုအသစ်ဖြင့် ရေခဲသုညကို ဂျပန်သုတေသီများ ရှာဖွေတွေ့ရှိ

ဓာတုဗေဒရှုထောင့်မှကြည့်လျှင် ဟိုက်ဒရိုဂျင်အက်တမ်နှစ်ခုနှင့် အောက်စီဂျင်အက်တမ်တစ်ခု ပေါင်းစပ်ပါက ရေဖြစ်လာသည့် ဓာတ်သဘောကို တွေ့ရပေမည်။

ထို့နောက် အပူချိန်နှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ ရေသည် အရည်ဘဝမှ အခဲဘဝသို့ပြောင်းလဲကာ ရေခဲဖြစ်လာ စမြဲဖြစ်သည်။

လူတို့၏နေ့စဉ်ဘဝတွင် ရေခဲကို စားသောက်ဖွယ်ရာများနှင့် အတူတွဲလျက်ဖြစ်စေ၊ ဖျော်ရည်များနှင့် အတူတွဲလျက်ဖြစ်စေ တွေ့ရပါလိမ့်မည်။

ထိုရေခဲနှင့် ကွဲပြားခြားနားသည့် ထူးခြားသောဖွဲ့စည်းမှုအသစ်ဖြင့် ရေခဲသုညကို ကန်းဆွန်ဦးဆောင်သော သုတေသီများ မကြာသေးမီက ဓာတ်ခွဲခန်းထဲ၌ ဖန်တီးရှာဖွေတွေ့ရှိခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ရေးသားတင်ပြထားသည်။

SCI

## Jeon So-min က Veranda ရုပ်ရှင်တွင် အဓိကနေရာမှ ပါဝင်

ပရိသတ်အချစ်ကို မရရှိဘဲ Running Man နှင့် ပရိသတ်ဝေဖန်မှု များစွာခံရသော Jeon So-min က အဖွဲ့မှ ထွက်ခဲ့ပြီးနောက် Veranda ရုပ်ရှင်တွင် အဓိက မင်းသမီးနေရာမှ ရိုက်ကူးထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ ကြောက်မက်ဖွယ်ကောင်းသောဇာတ်ကားဖြစ်ပြီး Jeon Somin က ခေါင်းဆောင်မင်းသမီးအဖြစ်နှင့် မင်းသား Ji Seung Hyun နှင့်အတူ တွဲဖက် ရိုက်ကူးထားသည်။

အချို့ပရိသတ်များက သူ၏ သရုပ်ဆောင်မှုကို ကြိုက်နှစ်သက်ကြသော်လည်း အချို့က ရုပ်ရှင်ကားကြီးတွင် ခေါင်းဆောင် မင်းသမီးအဖြစ် ပါဝင်ထားပြီး မျက်စိနောက်အောင် လုပ်ဦးမည်ဟု Jeon Somin ကို ဝေဖန်ထားကြသည်။ (SKY)

## Jung Kook ကို KOMCA အဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာအဖြစ် သတ်မှတ်ခံရ

နှစ်ပေါင်း ၆၀ သက်တမ်းရှိသည့် ကိုရီးယား၏ အကြီးမားဆုံးနှင့် ဂီတသိက္ခာအဆင့်အတန်းရှိသည့် KOMCA အဖွဲ့အစည်းတွင် Jung Kook သည် တေးရေးအဖွဲ့ဝင်ဖြစ်ခဲ့ရာမှ Never Let Go အတွက် တေးရေး၊ တေးဆို၊ ထုတ်လုပ်သူဖြစ်၍ ဖန်တီးမှုပိုင်းဆိုင်ရာ မူပိုင်ခွင့်လက်မှတ်ပေးအပ်ခံရပြီး အဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook အတွက် သီချင်းဖန်တီးမှုပိုင်းဆိုင်ရာ မူပိုင်ခွင့် Credit ရရှိခြင်း (၂၃)ပုဒ်မြောက်ဖြစ်ကာ တရားဝင်တေးရေးအဖွဲ့ဝင် ၂၇ဦးစာရင်းတွင် ပါဝင်ထားပြီး KOMCA Junior Membership ကို သုံးနှစ်အထက် ကိုင်ဆောင်ထားသူဖြစ်မှသာ အမှုဆောင်ဒါရိုက်တာဖြစ်ခဲ့သည်။

အဆိုပါ အဖွဲ့အစည်း၏ တရားဝင် တေးရေးအဖွဲ့ဝင်အဖြစ် ၂၀၁၈ခုနှစ်တွင် Suga၊ ၂၀၂၀ ပြည့်နှစ်တွင် RM နှင့် J Hope အပြီး၊ ၂၀၂၄ခုနှစ်တွင် Jung Kook က လေးဦးမြောက်ဖြစ်ခဲ့သည်။

(SKY)



# ရွေးကောက်ပွဲဝင်သည့် သမ္မတ နီကိုလတ်စ်မာဒူရို အတိုက်အခံသမ္မတလောင်းကို နိုင်၊ မနိုင် မသိရသေး



**ကရာကတ်စ် ဇူလိုင် ၂၈**

ဗင်နီဇွဲလားနိုင်ငံတွင် ရွေးကောက်ပွဲဝင်သည့် သမ္မတ နီကိုလတ်စ်မာဒူရိုအနေဖြင့် အတိုက်အခံသမ္မတလောင်း အက်ဒ်မန်ဒို ဝွန်ဇာလက်ဇ်အွာရူရာကို နိုင်၊ မနိုင် မသိရသေးကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဇူလိုင် ၂၈ ရက်တွင် ဖော်ပြသည်။

မဲဆန္ဒပေးခွင့်ရှိသူပေါင်း ၂၁ သန်း မှတ်ပုံတင်ထားသည့် ဗင်နီဇွဲလားရွေးကောက်ပွဲတွင် အသက် ၆၁ နှစ်အရွယ် နီကိုလတ်စ်မာဒူရိုကို အားပေးထောက်ခံသူ နည်းပါးလိမ့်မည်ဟု အနောက်အုပ်စုက သုံးသပ်ခန့်မှန်းထားသည်။

ဆိုရှယ်လစ်ဝါဒီ သမ္မတ မာဒူရို ၂၅ နှစ်ကြာ တာဝန်ယူအုပ်ချုပ်ခဲ့သဖြင့် ဗင်နီဇွဲလားနိုင်ငံတွင် စီးပွားရေး ကျဆင်းခဲ့ရသည်ဟု ပြည်ပမှ လေ့လာသူအများစုက ထင်မြင်ယူဆကြသည်။

၂၀၁၈ ခုနှစ်က ၄င်းထပ်မံပါဝင်ယှဉ်ပြိုင်ခဲ့သော ရွေးကောက်ပွဲ၌ မဲမသမာမှုရှိသည်ဟု အမေရိကန်အစိုးရက စွပ်စွဲခဲ့ဖူးသည်။

ယင်းကဲ့သို့ စွပ်စွဲခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အနောက်အုပ်စုဝင်နိုင်ငံများက စီးပွားရေးအရ ပိတ်ဆို့အရေးယူခဲ့ကြောင်း သိရသည်။

**Mon**

နှစ်စဉ်ကျင်းပပြီး (၁၀)ကြိမ်မြောက်ခဲ့ပြီဖြစ်သော လမုပင် ဓာတ်ပုံပြိုင်ပွဲ၌ မုန်တိုင်းသင့် မိန်းကလေးတစ်ဦး၏ လူသားအားမာန်ကို ပီပြင်အောင်ရိုက်ကူးကာ ဆုရရှိခဲ့သော အိန္ဒိယ ဓာတ်ပုံဆရာ ဆူပရာတင်မ်ဘတ်တာချာဂျီး၏ လက်ရာကို တွေ့ရစဉ်။ **Mon**



# အာကာသထဲ၌ လူတို့နေထိုင်နိုင်မည့်နည်းလမ်းကို ပူးပေါင်းစူးစမ်းရှာဖွေမှသာ တွေ့လာနိုင်ဖွယ်ရှိ

**ပေကျင်း ဇူလိုင် ၂၈**

ယနေ့ခေတ်တွင် နည်းပညာမျိုးစုံ ထွန်းကားလာရာမှ အာကာသစူးစမ်းလေ့လာရေးဆိုင်ရာကဏ္ဍတွင် များစွာဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့သည် ယခင်က တစ်ကမ္ဘာလုံးရှိ အာကာသစူးစမ်းလေ့လာမှုများကို ဦးဆောင်ဦးရွက်ပြုခဲ့သော်လည်း ၂၁ ရာစုတွင် တရုတ်အာကာသစူးစမ်းလေ့လာရေးနည်းပညာများ ရှေ့တန်းသို့ ရောက်လာကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံက အမေရိကန်နှင့်အပြိုင် လပေါ်သို့ အာကာသယာဉ် လွှတ်တင်ပြီး စူးစမ်းလေ့လာနိုင်ခဲ့သည်။

ထို့ပြင် တရုတ်အာကာသသိပ္ပံအင်ဂျင်နီယာများ၏ ကြိုးပမ်းမှုဖြင့် အင်္ဂါဂြိုဟ်သို့ လေ့လာရေးယာဉ် လွှတ်တင်ထားပြီးဖြစ်သည်ကိုလည်း တွေ့ရမည်။

သို့ဖြစ်ရာ အနာဂတ်တွင် အာကာသထဲ၌ လူတို့နေထိုင်နိုင်မည့်နည်းလမ်းကို ပူးပေါင်းစူးစမ်းရှာဖွေမှသာ တွေ့လာနိုင်ဖွယ်ရှိမည်ဟု တရုတ်နေ့စဉ်သတင်းဌာနက ရေးသားထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ဆေးဖက်ဝင်အပင်များအကြောင်း သိနားလည်ရန် ကင်ညာနိုင်ငံမှ မာတင်အိုဒီယမ်ဘို စူးစမ်းလေ့လာ

**နိုင်ရိုဘီ ဇူလိုင် ၂၈**

ဆေးဖက်ဝင်အပင်များအကြောင်း သိနားလည်ရန် ကင်ညာနိုင်ငံမှ မာတင်အိုဒီယမ်ဘို စိတ်အားထက်သန်စွာ စူးစမ်းလေ့လာခဲ့သည်မှာ နှစ်များစွာကြာမြင့်ခဲ့သည်။

ရောင်းရန်မရည်ရွယ်ဘဲ ၄င်းကိုယ်တိုင် စိုက်ပျိုးပြုစုထားသော ဆေးပင်စိုက်ခင်းထဲတွင် ဆေးဖက်ဝင်အပင်အမျိုး ၂၅၀ ကျော် ရှိသည်။

ထိုဆေးပင်များ မည်ကဲ့သို့ ဆေးဖက်ဝင်ပြီး ကုသရာတွင် မည်ကဲ့သို့ အသုံးပြုရသည်ကို ၄င်းနှင့် ၄င်း၏လုပ်ဖော်ကိုင်ဖက်များ သိပ္ပံနည်းကျ လက်တွေ့သုတေသနပြုထားကြသည်။

လေ့လာထားသော ဆေးဖက်ဝင်အပင်များအကြောင်းကို နိုင်ရိုဘီမြို့တော်တွင် တစ်ပတ်လျှင် တစ်ကြိမ် စိတ်ဝင်စားသူများကိုလည်း ဟောပြောပို့ချပေးလျက်ရှိသည်။

ဆေးပင်များဖြင့် ဖော်စပ်ပြုလုပ်သည့် တိုင်းရင်းဆေးဝါးကို ကင်ညာအစိုးရက တရားဝင်အသိအမှတ်ပြုလာရန်အတွက်လည်း မာတင်အိုဒီယမ်ဘိုက အရေးဆိုလှုပ်ရှားနေကြောင်း သိရသည်။

**Mon**



# ကာလီဖိုးနီးယားပြည်နယ် ဧရာမတောမီးကြီး တစ်နာရီလျှင် သစ်တောဧက ၅၀၀၀ ဝါးမျိုနေ

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် ဧရာမတောမီးကြီး တောက်လောင်ကာ တစ်နာရီလျှင် ၈ စတုရန်းမိုင်အထိ ဖြန့်ကြက်ပြီး သစ်တောဧက ၅၀၀၀ ဝါးမျိုနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရှို့မီးကြောင့် စတင်တောက်လောင်ခဲ့သည်ဟု ယူဆရသော ထိုတောမီးသည် ယခုအခါ ချီကာဂိုမြို့အရှေ့မြောက်ဘက်တွင် သစ်တောဧကပေါင်း ၃၄၈၀၀၀ ကျော်ကို ဝါးမျိုခဲ့ပြီးဖြစ်ကြောင်း ကာလီဖိုးနီးယားပြည်နယ်မီးသတ်ဌာနက သတင်းထုတ်ပြန်သည်။

လေပြင်းများကြောင့် အရှိန်ပြင်းစွာ တောက်လောင်ရွေ့လျားလျက်ရှိသော အဆိုပါတောမီးကို မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၂၅၀၀ ခန့်တို့က ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြသည်။

တောမီးသည် သစ်တောနှင့် ဆက်စပ်နေသည့် လူနေဒေသများသို့ ချဉ်းနင်းဝင်ရောက်လာနိုင်ခြေရှိသဖြင့် ဘတ်တေနှင့် တေဟာမာစီရင်စုနယ်များတွင် ကာလီဖိုးနီးယားအုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာထားသည်။

ယင်းတောမီးသည် ကာလီဖိုးနီးယားပြည်နယ်အတွင်း ယခုနှစ်တောက်လောင်သည့် တောမီးများအနက် အကြီးဆုံးဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဝန်ကြီးများကို ပြောင်းလဲ



**ကင်ဘာရာ ဇူလိုင် ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဝန်ကြီးများကို ပြောင်းလဲလိုက်ပြီဟု ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ် ဇူလိုင် ၂၈ ရက်တွင် ထုတ်ဖော်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးဟောင်းများအနေဖြင့် တရားဥပဒေနှင့်မညီသော ပြည်ဝင်ခွင့်ကိစ္စများ ဆောင်ရွက်ကာ လုံခြုံရေးထိခိုက်စေခဲ့သည်။

ယင်းအခြေအနေကို ထိန်းချုပ်ကိုင်တွယ်နိုင်စေရန် ထိုဝန်ကြီးများကို အပြောင်းအလဲ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ရှင်းလင်းပြောပြကြောင်း သိရသည်။

**Mon**



# အားကစားနည်း သုံးမျိုးပေါင်းပြိုင်ပွဲကို ညစ်ညမ်းသော စိန်းမြစ်ထဲ၌ ကျင်းပမည် မဟုတ်

**ပဲရစ် ဇူလိုင် ၂၈**

ပဲရစ်အိုလံပစ်အားကစားပွဲတော်၏ အားကစားနည်း သုံးမျိုးပေါင်းပြိုင်ပွဲကို ရေထုညစ်ညမ်းသော စိန်းမြစ်ထဲ၌ ကျင်းပမည်မဟုတ်ဟု သက်ဆိုင်ရာ အိုလံပစ်အားကစားပွဲတော်ကြီးကြပ်သူများက ငြင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၁၇ ရက်က ပဲရစ်မြို့တော်ဝန် အန်းဟီဒါလ်ဂိုးကိုဒယ် ကိုယ်တိုင် စိန်းမြစ်ထဲသို့ ဆင်းပြီး ရေကူးပြကာ ညစ်ညမ်းမှုမရှိကြောင်း သက်သေပြခဲ့သည်။

ထိုမြစ်ရေကို ထပ်မံစစ်ဆေးသောအခါ ညစ်ညမ်းနေကြောင်း တွေ့ရသဖြင့် အားကစားနည်း သုံးမျိုးပေါင်းပြိုင်ပွဲ အစီအစဉ် ဖျက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီး၀ တမံရေပြည့်အမှတ်အထက် ရေပိုလွှဲမှ ရေကျော်ကျမှုရှိ၍ အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံ စိုက်ထူအသိပေး



**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိကမှီခိုအားထားရသည့် ကြီးအုံကြီး၀တမံသည် အထက်ပိုင်းဒေသတွင် မိုးရွာသွန်းမှုကြောင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက တမံရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေ အထက် သုည ဒသမ ၁ ပေ ရေပိုလွှဲမှ စတင်ရေကျော်ကျလာသဖြင့် တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် သတ်မှတ်ကာ အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားရှိကြောင်း အဆိုပါ ကြီးအုံကြီး၀ တမံမှ(ရေကင်းတာ၀န်ခံ) ဦးစီးအရာရှိ ဦးထွန်းလွင်ထံက သိရသည်။ **(အပေါ်ပုံ)**

ကြီးအုံကြီး၀တမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ရာ ယနေ့နံနက် ၆ နာရီ တိုင်းထွာရာတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ၂ ဒသမ ၆ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိပြီး ထိုသို့ တမံရေပိုလွှဲမှ ရေကျော်ကျသော်လည်း တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် တမံ၊ ရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သဘာ၀ဘေးအန္တရာယ်ကင်းဝေးစေရေးစီမံချက်အရ အရေးပေါ်အခြေအနေသတ်မှတ်၍ တမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနှိုးဆော်ထားရှိခြင်းဖြစ်ကြောင်းနှင့် ယင်းတမံရှိ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းလွင်နှင့် ဦးစိုးတင့်တို့က အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းများက ရေကင်းတာဝန်များကို (၂၄)နာရီ စောင့်ကြပ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ကြီးအုံကြီး၀ တမံရေပိုလွှဲမှ ရေကျော်ကျမှုနှင့် ပတ်သက်၍ ပြည်သူများအား ကြိုတင်အသိပေးနှိုးဆော်ခြင်းကို အပိုင်း(၃)ပိုင်းခွဲ၍ ရေပိုလွှဲမှ ရေစတင်ကျော်မှုအား အရေးပေါ်အခြေအနေအဆင့်(၁) အဖြစ် အစိမ်းရောင်အလံ သတ်မှတ်ထားရှိကြောင်း ရေပိုလွှဲမှ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး မူလဒီဇိုင်းပြု သတ်မှတ်ထားသည့် Maximum High Flood Level သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်ခြင်းကို အရေးပေါ် အခြေအနေအဆင့်(၂) အဖြစ် အ၀ါရောင်အလံ သတ်မှတ်ထားရှိကြောင်း ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ Maximum High Flood Level ထက် ကျော်လွန်ပြီး ရေပိုလွှဲ အဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေဖြစ်ပေါ်နိုင်ခြင်းကို အရေးပေါ်အခြေအနေအဆင့်(၃)အဖြစ် အနီရောင်အလံ သတ်မှတ်ထားရှိကြောင်းနှင့် ပြည်သူများ သဘာ၀ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တမံအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေ ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကြီးအုံကြီး၀တမံ(ရေကင်းတာဝန်ခံ) ဦးစီးအရာရှိက ပြောသည်။

(၄၄၅)



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါရုံးလူထုအခြေပြုဗဟိုဌာ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကြည်ဆန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်နန္ဒာအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆုမြတ်ထက်တို့က ကျောင်းသား လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုရှောင်ရှားရမည့်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာသင့်သည့်အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို အသီးသီးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများကို တက်ရောက်လာသည့် ရောင်စဉ်လှိုင်းဘော်ဒါဆောင်မှ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သက်ဖြိုးအောင် မောင်းနှင်ပြီး အောင်ဇေယျာဖြိုးဆိုသူ လိုက်ပါလာသည့် NISSAN DIESEL အမျိုးအစား(၁၂)ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် အလေးချိန် ၁၂၈၀၀ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ၅ နာရီ မိနစ် ၄၀ က အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ခိုင်းသူ သီဟဇင်ဆိုသူအား ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ ခွာညို(၂)လမ်းရှိ ၎င်းငှားရမ်းနေထိုင်သည့် ဂိုထောင်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် သက်ဖြိုးအောင်(၂၇)နှစ်၊ အောင်ဇေယျာဖြိုး(၂၀)နှစ်နှင့် သီဟဇင်(၄၅)နှစ် ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ဝမ်းတွင်း ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သနပ်ခါးတောကျေးရွာအုပ်စု၊ ကျွတ်ကန်ကျေးရွာနေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှု ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဝမ်းတွင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သုံးဦးသည် ကျေးရွာနေပြည်သူများနှင့်အတူ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့်ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်၊

မီးလောင်မှုကြောင့် ဦး××× ပိုင်ဆိုင်သော ပေ(၂၀×၄၀) ထရံကာ၊ ကွန်ကရစ်ခင်း၊ မြေစိုက်(၁)ထပ်နေအိမ်တစ်လုံး၊ ၁၅ ပေ× ပေ၃၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ မြေစိုက်နေအိမ်တစ်လုံး၊ ပေ ၂၀×၄၀ နွားစာတဲတစ်ခြမ်း မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဓါတ်ပုံ)**



(၀၅၇)

## မိတ္ထီလာမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၃ နာရီက မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ သမုန်းကုန်း(၄)လမ်းတွင် ဖွဲမာန်ဦး(ခ)ချစ်တီးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၃ နာရီ မိနစ် ၄၀ က ၎င်းနေထိုင်သည့် မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ အားလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီအချိန် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ ဝင်းထိုက်(ခ)ဝင်းကို ဆိုသူအား မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ ကျောက်ဖူးရပ်ရှိ ၎င်း၏နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အားလည်းကောင်း၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၅၂၁ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖွဲမာန်ဦး(ခ)ချစ်တီး(၃၁)နှစ်နှင့် ဝင်းထိုက်(ခ)ဝင်းကို(၄၉)နှစ်ဆိုသူတို့အား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုများရေးဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သဒ္ဓါမိက ဆွမ်းကပ်အဖွဲ့(ကုန်စည်ဒိုင်၊ မန္တလေးမြို့)မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် (၁၀) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေး ဇူလိုင် ၂၈**

"သဒ္ဓါမိက ဆွမ်းကပ်အဖွဲ့ (ကုန်စည်ဒိုင်၊ မန္တလေးမြို့)"မှ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)ရှိ သံဃာ တော်အရှင်သူမြတ်တို့အား (၁၀) ကြိမ်မြောက် ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းကပ် လှူခြင်းနှင့် ဆွမ်းပဒေသာပင် ထပ်မံ စိုက်ထူခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခ ချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကေသရ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော်ကြီးများထံသို့ ဝါဆို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းပဒေသာပင် ငွေကျပ် ၂၅ သိန်း ထပ်မံစိုက်ထူလှူဒါန်းခြင်း၊ ကျောင်းရှိ သံဃာတော် တစ်ပါး လျှင် နဝကမ္မငွေကျပ် ၁၀၀၀၀ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် အနုမောဒနာ တရား နာယူကြည်ညိုကြသည်။

အဆိုပါ သဒ္ဓါမိက ဆွမ်းကပ် အဖွဲ့(ကုန်စည်ဒိုင်၊ မန္တလေးမြို့) အနေဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(မန္တလေး) တွင် နှစ်စဉ်ဝါဆိုလပြည့်ကျော် (၈)ရက်နေ့တိုင်း ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ရာ (၁၀)ကြိမ်မြောက် ရှိပြီဖြစ်သည့်အပြင် ဆွမ်းပဒေသာ ပင်အလှူငွေကျပ် သိန်း ၁၀၀ စိုက်ထူလှူဒါန်းပြီးဖြစ်သည်။ ထို့ပြင် စစ်ကိုင်းမြို့ရှိ သကျမိတာ သီလရှင်စာသင်တိုက်တွင်လည်း ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

၀-၀-၀-၀

၀-၀-၀-၀-၀



## U - 12 Junior Soccer World Challenge

## ဝင်ပြိုင်မည့် မြန်မာ ယူ - ၁၂ အသင်း မန္တလေးဘောလုံး အကယ်ဒမီတွင် လေ့ကျင့်မှုများ ပြုလုပ်

ဂျပန်နိုင်ငံ၊ ချီဘားမြို့တွင် ဩဂုတ် ၂၀ မှ ၂၄ ရက်အထိ ကျင်းပမည့် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ပဏာမ မြန်မာ ယူ-၁၂ အသင်းသည် မန္တလေးဘောလုံး အကယ်ဒမီတွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိ သည်။ **(အပေါ်ပုံ)**

ပဏာမ မြန်မာ ယူ-၁၂ အသင်းကို နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးမင်း သူက ကိုင်တွယ်လျက်ရှိပြီး မန္တလေး ဘောလုံးအကယ်ဒမီ တွင် ဩဂုတ် ၂ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်သွားမည် ဖြစ်ကာ ဩဂုတ် ၃ ရက်တွင် ရန်ကုန်တွင် ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ် သည်။

ပဏာမ မြန်မာ ယူ -၁၂ အသင်းကို ကစားသမား ၂၈ဦး ဖြင့် ဖွဲ့စည်းထားပြီး လေ့ကျင့်မှု များ ပြုလုပ်စေခြင်း၊ ခြေစမ်းပွဲများ ယှဉ်ပြိုင်စေခြင်းများကို ပြုလုပ် ပြီးနောက် အပြီးသတ် ၁၈ဦး ရွေး ချယ်၍ U-12 Junior Soccer World Challenge 2024 အား ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ် သည်။ (NGB)


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## ယာယီဖြုတ်သိမ်းထားသော လျှပ်စစ်ဓာတ်အားလိုင်းကို ပြန်လည်တပ်ဆင် ဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ် အားဖြန့်ဖြူးရေးရုံးက မြို့နယ် အတွင်း ဧရာဝတီမြစ်ရေ မြင့် တက်ခဲ့မှုကြောင့် မြစ်ကမ်းဘေး တစ်လျှောက် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး ထားသော (၁၁)ကေဗွီ ဓာတ်အား လိုင်းအား သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ပျက်စီးမှု မဖြစ် စေရန်နှင့် ပြည်သူများ လျှပ်စစ် အန္တရာယ် ကင်းဝေးစေရန် အတွက် ယာယီဖြုတ်သိမ်းထား ရှိရာ ယခုအခါ မြစ်ရေ ပြန် လည်ကျဆင်းသွားသဖြင့် ကျေးရွာ နေ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲခွင့်ရရှိစေရန် ယနေ့ နံနက်ပိုင်းက မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးမျိုးမင်းနိုင် ဦးဆောင် သော ဝန်ထမ်းများအဖွဲ့က ကျေးရွာနေပြည်သူများနှင့် ပူး ပေါင်းပြီး ဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးဆောင်သော လျှပ်စစ် ဝန်ထမ်းများက ယာယီဖြုတ် သိမ်းထားသော ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာ၊ ငှက် တောကုန်းကျေးရွာ၊ ကျွန်း ကလေးကျေးရွာ၊ ဘီးဖပ်ခုံကျေး ရွာ၊ ထူးကျေးရွာ၊ ငါးခြောက် ကျွန်းကျေးရွာ၊ မြင်းခြံစုကျေးရွာ၊ အရှေ့လေးအိမ်ကျေးရွာနှင့် ပေါက်ကုန်းကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး ထားသည့် (၁၁)ကေဗွီ ဓာတ်အား လိုင်းတစ်လျှောက် ကွင်းဆင်း စစ်ဆေးပြီး ဓာတ်အားလိုင်း တိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းခြင်း ၊ ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၄)လုံး ပြန်လည်တပ်ဆင်တည် ဆောက်ခြင်း စသည့်ဓာတ်အား လိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကျေးရွာနေ ပြည်သူများ လျှပ်စစ်မီးပြန်လည် အသုံးပြုနိုင်ရန် စနစ်တကျ ကွင်း ဆင်းဆောင်ရွက်ကြသည်။

**(အပေါ်ပုံ)**

အဆိုပါ လျှပ်စစ်ဓာတ်အား လိုင်း ပြန်လည်တပ်ဆင်ပေးမှု ကြောင့် ယခုအခါ မြစ်ကမ်းဘေး အနီး ကျေးရွာ(၈)ရွာမှ လျှပ်စစ် မီးသုံးစွဲသူဦးရေ ၄၃၇ ဦးအတွက် လျှပ်စစ်ဓာတ်အား ပြန်လည် သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း ပွင့်ဖြူ မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့် ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ် မန်နေဂျာထံက သိရသည်။

(၄၄၅)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

## သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ နယ် "ပညာတံခွန်"(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ ကို ယနေ့ နံနက် ၉ နာရီက အ-ထ-က(စဉ့်ကိုင်)သဇင်ခန်းမ တွင် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးခင်မောင်သိန်းနှင့် မြို့နယ် ပညာရေးမှူး ဦးကိုကိုကြီး တို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက သမဝါယမဦးစီးဌာနမှ အသင်း ဝင်များအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးဆောင် ရွက်ပေးနေမှုအခြေအနေများနှင့် အသင်း၏ စည်းမျဉ်းစည်းကမ်း ချက်များကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ "ပညာ့ တံခွန်" ငွေစုငွေချေး သမ ဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရှင်းတမ်းများ၊ အစီရင်ခံစာများဖတ်ကြား ရှင်းလင်းရာ တက်ရောက်လာ သော အသင်းသား၊ အသင်းသူများ ကအကြံပြုဆွေးနွေးခဲ့ပြီး၂၀၂၃- ၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ် ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင် မြင်ခဲ့ကြသော အသင်းသား၊ အသင်းသူများ၏သားသမီးများ အား ဂုဏ်ပြုဆုငွေများပေးအပ် ချီးမြှင့်ခဲ့ရာ လေးဘာသာဂုဏ်ထူး ရှင်(၁)ဦး၊ တစ်ဘာသာဂုဏ်ထူး ရှင်(၁)ဦးနှင့် ရိုးရိုးအောင်မြင်ခဲ့ သူ(၄)ဦးတို့အား တာဝန်ရှိသူ အသီးသီးတို့က ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် "ပညာ့တံခွန်" (ပညာရေး)ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်မှ စုဆောင်း ငွေအပေါ်မှအတိုးရငွေ (၃၂၈ ဒသမ ၈)သိန်းကို အသင်းသား (၇၄၇)ဦး၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးအတွက် ထောက်ပံ့ငွေများထုတ်ပေးနိုင်ခဲ့ သည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ပညာ့တံခွန်(ပညာရေး) ငွေစု ငွေချေးသမဝါယမအသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

၀-၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Francisco Cerundolo ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂၈**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cer-undolo က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




အဆိုပါ အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo သည် 2024 Pla-va Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Mus-etti အား ၂-၆၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု အားဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ Francisco Cerundolo က ကျွန်တော် အခုလို 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံဆွတ်ခူးဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

**(ဝဲပုံ) (NGB)**




## အန်းဒရစ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဇူလိုင် ၂၈**

တိုက်စစ်မှူး အန်းဒရစ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး အန်းဒရစ်၏ တရားဝင်မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပပြုလုပ်ပေးခဲ့ပြီး ပရိသတ်လေးသောင်းခွဲခန့်ထိ တက်ရောက်အားပေးခဲ့ကြသည်။

တိုက်စစ်မှူး အန်းဒရစ်သည် ပါးလ်မီးရပ်စ်အသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၄ အထိ ပြိုင်ပွဲစုံ ၇၉ ပွဲကစားပြီး ၂၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ အန်းဒရစ်က ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာ ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ မိတ်ဆက်ပေးပွဲအခမ်းအနားမှာ ကျွန်တော်ကို တစ်ခဲနက်အားပေးတဲ့ ပရိသတ်တွေမြင်ရတော့ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ ရယူသွားမှာပါဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## မန်နူကိုနေးအား ခေါ်ယူရန် အေစီမီလန်အသင်း စိစဉ်

**မီလန် ဇူလိုင် ၂၈**

အေစီမီလန်အသင်းသည် မိုချန်ဂလာဘတ်အသင်း ကွင်းလယ်ကစားသမား မန်နူကိုနေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ ပွဲကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။




မိုချန်ဂလာဘတ်အသင်းကလည်း မန်နူကိုနေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မိုချန်ဂလာဘတ်အသင်းထံမှ မန်နူကိုနေးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**



## အာဆင်နယ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၈**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက အာဆင်နယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ဂျေးဇူး၊ ပွဲချိန် ၈၁ မိနစ်တွင် မာတင်နယ်လီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ဟွိုင်လန်းက သွင်းယူပေးခဲ့သည်။

**(အပေါ်ပုံ)**

အာဆင်နယ်အသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် လာမည့် ဩဂုတ် ၁ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

## ရော်ဘင်လီနော်မန်အား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ




**မက်ဒရစ် ဇူလိုင် ၂၈**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဆိုစီဒက်အသင်း နောက်ခံကစားသမား ရော်ဘင်လီနော်မန်အား ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၀ ပွဲကစားကာ ၆ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရော်ဘင်လီနော်မန်သည် လက်ရှိဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်း၏ ပထမဆုံးခေါ်ယူသည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဘရိုင်ယန်ဂေးလ်အား စာချုပ်သက်တမ်းတိုးရန် စပါးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၈**

စပါးအသင်းသည် အသင်းတောင်ပံကစားသမား ဘရိုင်ယန်ဂေးလ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသလို၊ စပါးအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်း ဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် ဘရိုင်ယန်ဂေးလ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်း တစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါဟု ထုတ်ပြန်သည်။

**(ယာပုံ) (NGB)**






## ဖီးလစ်ဂျော်ဂန်ဆန်အား ခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဇူလိုင် ၂၈**

ချဲလ်ဆီးအသင်းသည် ဗီလာရီးရဲလ်အသင်း ဂိုးသမား ဖီးလစ်ဂျော်ဂန်ဆန်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်သည်။

အဆိုပါဂိုးသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ နှစ်ရှည်စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ဂိုးသမား ဖီးလစ်ဂျော်ဂန်ဆန်သည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူလာခြင်း ဖြစ်သည်။

**(ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမား ဖီးလစ်ဂျော်ဂန်ဆန်သည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်း ခေါ်ယူမည့် ၈ ဦးမြောက် ကစားသမားဖြစ်လာမည် ဖြစ်သည်။ **(NGB)**

### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ) **နိုင်ကာမွှာ**

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပြိုင်ပွဲ အမျိုးအစား |
|---|---|---|---|
| ၂၉-၇-၂၀၂၄ တနင်္လာနေ့ | မွန်းလွဲ ၂း၃၀ နာရီ | ဩစတြေးလျ - မလေးရှား | တတိယနေရာလုပွဲ |
| ,, | ည ၇း၀၀ နာရီ | ထိုင်း - အင်ဒိုနီးရှား | ဗိုလ်လုပွဲ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) **နိုင်ကာမွှာ**

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃)ရလဒ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၇-၂၀၂၄ တနင်္လာနေ့ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၉) မြဝတီ (L,L,W) - ရခိုင် (၁၂) (L,L,L) | မြဝတီ ၂-၃ ရခိုင်<br>ရခိုင် ၁-၂ မြဝတီ |

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



**မန္တလေး ဇူလိုင် ၂၈**

၂၀၂၄ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောပွဲနှင့် ပန်းခင်း(၃)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဇူလိုင် ၂၆ ရက် နံနက် ၁၀နာရီက သီရိဟေမာအနောက်ရပ်ကွက်ရှိ နေသိဒ္ဓိအောင်တော်မူ ဓမ္မာရုံတွင် ကျင်းပဆောင်ရွက်ခဲ့သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်များ၊ ၂၀၂၄ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်မည့်ကာလနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊သန်းခေါင်စာရင်း ကောက်ယူရာမှာ စာရင်းကောက်များ လိုက်နာရမည့် အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောခြင်းနှင့်အတူ ရပ်ကွက်နေပြည်သူများအား ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ Biometric id ကိုယ်ရေးအချက်အလက်များ တစ်ပါတည်းကောက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၇၂)



## (VRFP) စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေး

**စဉ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် မက္ခရာကျေးရွာ၌ ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သီရိလွင်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေအတိုးနှုန်း သတ်မှတ်ချက်များနှင့် ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ (VRFP)ရန်ပုံငွေ ကျပ် ၄၀ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မက္ခရာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦး ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး ၊ စုစုပေါင်း စီမံကိန်း အသင်းသား၊အသင်းသူ ၆၆ဦးကို စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)




## ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲနှင့် ဝသန်မိုးသီချင်းဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဇူလိုင် ၂၈**

ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ဆို၊က၊ရေး၊တီးပြိုင်ပွဲနှင့်ဝသန်မိုးသီချင်းဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် မကွေးတိုင်းဒေသကြီးအဆင့် ဆို၊က၊ရေး၊တီးပြိုင်ပွဲဆုရကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် တာဝန်ရှိသူများက ဆို၊က၊ရေး၊ တီးပြိုင်ပွဲနှင့်ဝသန်မိုးတေးသီချင်းဆို ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ဂုဏ်ပြုဆုများနှင့်အကဲဖြတ်ဒိုင်လူကြီးများအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၃၄၀)

## ကွန်ပျူတာအခြေခံပညာသင်တန်း (၄/၂၀၂၄)ဆင်းပွဲအခမ်းအနားကျင်းပ

**ရွှေဘို ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ဇူလိုင်၂၆ရက် နံနက် ၉နာရီက ကွန်ပျူတာအခြေခံပညာသင်တန်း(၄/၂၀၂၄) ဆင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြမွန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကွန်ပျူတာသင်တန်းဆရာ၊ဆရာမများအား ဂုဏ်ပြုလက်ဆောင်များအား လည်းကောင်း၊သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များအား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါကွန်ပျူတာအခြေခံ သင်တန်းဆင်းပွဲသို့ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ဆရာမများ၊သင်တန်းသား၊ သင်တန်းသူ ၂၀ဦးတက်ရောက်ခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(၀၅၇)

## ကျွန်းလှ၌ မိုးမြေပဲစိုက်ခင်းအတွင်း အမြန်သုံးစူပါအီးအမ်ဘိုကာရှိ ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ စိုက်ပျိုးသော မိုးမြေပဲစိုက်ခင်းအတွင်း အမြန်သုံး စူပါအီးအမ်ဘိုကာရှိ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၈ရက် နံနက် ၇ နာရီခွဲက မန်ကျည်းအင်းကျေးရွာ၊ ကွင်းအမှတ်(၂၉၂) တောင်သူ ဦးရာစိန်၏ မိုးမြေပဲစိုက်ခင်း (၃) ဧက၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက စိုက်ခင်းများအတွင်း အမြန်သုံး အီးအမ်ဘိုကာရှိ ထည့်သွင်းအသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး မြေဆီလွှာ၏ ရုပ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများနှင့်အကျိုးပြုအဏုဇီဝများ လှုပ်ရှားမှု ပေါက်ဖွားမှုများ တိုးတက်လာခြင်း၊ သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ခြင်း၊ မြေဆွေးဓာတ်၏ အကျိုးသက်ရောက်မှုတိုးမြှင့်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမိုးတင့်ထူး၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ခုနှစ်က မိုးမြေပဲ ၇၂၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၄၃ ဒသမ ၅၀တင်း ထွက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်၌ မိုးမြေပဲစိုက်ပျိုးရန် ၇၂၂၃ဧက လျာထားပြီး ယနေ့အထိ ၅၅၈၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



(ဝဲပုံ)

(၄၈၀)



## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်တုံ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၄၈၅ဦးတို့ကို နှလုံးရောဂါ၊သွေးတိုးရောဂါ၊ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ဦးနှောက်နှင့်အာရုံကြောရောဂါ၊မျက်စိရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မိုင်းယောင်းတပ်နယ် ခေတ္တတပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တ ဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေ၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေး Talk Show ကို Community Centre ခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က သန်းခေါင်စာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းရာတွင် မြန်မာနိုင်ငံမှာ လူမှုရေး၊စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စတွေကို မူဝါဒချမှတ်၍ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အခြေခံအသုံးပြုရမည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရန်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကို ၂၀၂၄ခုနှစ် အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မြန်မာနိုင်ငံအတွင်းမှ နေထိုင်သောလူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံခြားသားမရွေး၊ အဆင့်အတန်းမရွေး ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် တစ်အိမ်တက်ဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ကောက်ယူရာတွင် နံနက် ၇နာရီမှ ညနေ၆နာရီအတွင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ၂၀၁၃ခုနှစ်မှစတင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၉)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် အများပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကောက်ယူသွားမည်ဖြစ်ကြောင်း စသည်များအား အကျယ်တဝင့် ဆွေးနွေး ပြောကြားခဲ့ကြသည်။ **(အပေါ်ပုံ)(၀၅၆)**

## စာဖတ်ရှုနိုင်မြှင့်တင်ရေး ပြပွဲပြိုင်ပွဲများကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**စဥ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့် ပူးပေါင်း၍ မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ကျောင်းသူများနှင့်လူငယ်များ အသိပညာဗဟုသုတများကြွယ်ဝပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်သည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရန်၊ အများအမှန် ဝေဖန်ပိုင်းခြားတတ်စေရန် စာဖတ်ရှုနိုင်မြှင့်တင်ရေး လုပ်ငန်းများအဖြစ် ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ နံရံကပ်စာစောင်ပြပွဲများနှင့် စာအုပ်ပြပွဲများကို လစဉ်ဆောင် ရွက်လျက်ရှိပြီး နောင်တွင်လည်း ယခုလို စာဖတ်ရှုနိုင် မြှင့်တင်ရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ရည်ရွယ်ကာ ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့နာယက ဦးသန်းအောင်က ယခုလို လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်သည့် အနေဖြင့် ပြပွဲ၊ပြိုင်ပွဲများကို ပြုလုပ်ပေးခြင်းသည် လူငယ်များအတွက်များစွာ အကျိုးပြုသောကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရေး မိမိဘက်က တတ်နိုင်သမျှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲများကို ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီယှဉ်ပြိုင်ပြီး ဒိုင်များကို စနစ်တကျ ရွေးချယ်သတ်မှတ်စေလိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၉၉)**

## သရက်မြို့၌ ခရိုင်အမျိုးသမီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**သရက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်အမျိုးသမီးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းကို ဇူလိုင် ၂၄ရက် နံနက် ၁၀နာရီက ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးကော်မတီအတွင်းရေးမှူး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကော်မတီဝင်များမှ ဆွေးနွေးတင်ပြပေးမှု အပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးဆီထွက်သီးနှံစိုက်ဧက ၁၃သိန်းကျော် လျာထားစိုက်ပျိုးဆောင်ရွက်နေ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး အတွင်း ခရိုင် ၁၁ခရိုင်တွင် မိုးဆီထွက်သီးနှံစိုက်ဧက ၁၃သိန်းကျော်ကို လျာထားပြီးစိုက်ပျိုးဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မိုးဆီထွက်သီးနှံကို ခရိုင် ၁၁ခရိုင်ရှိ မြို့နယ်အလိုက် စိုက်ပျိုးကြရာတွင် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာစသည့် ဆီထွက်သီးနှံဧက ၁၃သိန်းကျော်ကို မေလနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ စိုက်ပျိုးပြီးစီးမှုမှာ မိုးမြေပဲ ၁၆၃၀၀၀ဧက၊ မိုးနှမ်း ၈၈၀၀၀၀ဧက၊ မိုးနေကြာ ၁၈၀၀၀ဧက မိုးဆီထွက်သီးနှံဧက စုစုပေါင်း ဧက ၁၀သိန်းကျော်ကို စိုက်ပျိုးပြီးဖြစ်သည်။

"ဆီထွက်သီးနှံ စိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ တိုင်းဒေသကြီးအတွင်းမှာတော့ ဆီဖူလုံမှုရှိပါတယ်။ ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီ ဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်း၊ မျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံများစိုက်ပျိုးကြရာ မြေပဲအပြင် နေကြာ၊ နှမ်း၊ပန်းနှမ်းနဲ့ ဆီမုန်ညင်းများကိုလည်း စိုက်ပျိုးကြပါတယ်"ဟု ၎င်းက ရှင်းပြသည်။


အဆိုပါ မိုးဆီထွက်သီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် စိုက်ပျိုးကြကြောင်း၊ ယင်းခရိုင်များမှာ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊တံတားဦးခရိုင်၊မဟာအောင်မြေခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊အမရပူရခရိုင်၊ အောင်မြေသာစံခရိုင် စသည့်ခရိုင်များတွင် စုစုပေါင်း မိုးဆီထွက်သီးနှံစိုက်ဧက၁၃သိန်းကျော်ကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(၀၃၄)**



**ဝတ္ထုတိုကဏ္ဍ**

# အရိပ်မဲ့ ဘဝလမ်း

**ချမ်းမြေ့မိုး**
<မန္တလေး>



“သားလေး ဒီနေ့ဘာဟင်းနဲ့ထမင်းစားချင်လဲဟင် အမေချက်ကျွေးမယ် ပြောလေသားရဲ့”

မချောမှာ မျက်နှာချိုလေးသွေးပြီး မေးနေပေမယ့် သားဖြစ်သူ “ထူးချွန်”က အရေးမလုပ်ပါ။ မဖြေပါ။ အပြင်သွားဖို့အတွက် ပြင်ဆင်နေပါတယ်။ ခေါင်းဖြီးလိုက်၊ အင်္ကျီလဲလိုက်၊ ဘောင်းဘီရှည်ဝတ်လိုက်၊ ခြေနင်းဝတ်လိုက်နဲ့ အလုပ်ရှုပ်နေချိန်ဖြစ်ပါတယ်။ ဒါကို အမေဖြစ်သူက အလိုက်မသိဘဲ ထပ်မေးပြန်ပါတယ်။

“ပြောလေသားရဲ့ အမေဘာဟင်းချက်ကျွေးရမလဲ”

ဒီတစ်ခါအမေးကိုတော့ ထူးချွန်စိတ်တိုသွားဟန်တူပါရဲ့ ခေါင်းဘီးကို ကိုင်ပေါက်လိုက်ပြီး

“ချက်ချင်တာ ချက်ဗျာ။ နားတွေကို ညည်းနေတာပဲ။ ဒီမှ သွားစရာအရေးကြီးနေတယ်ဆိုပါမှ ခင်ဗျားက တစ်မျှောင့် သွားဗျာသွား”

ထူးချွန်က ဒေါသနဲ့ ပြန်ပြောလည်း မချောစိတ်မဆိုးပါ။ အပြုံးမပျက်ဘဲ သားအနားမှာပဲ ရစ်ဝဲ ရစ်ဝဲလုပ်ရင်း သားလေးရဲ့ပြင်ဆင်ထားပုံတွေကို သဘောကျနေပုံလည်း ရပါတယ်။ သားကိုပဲ တစိမ့်စိမ့် ကြည့်ရင်း ကျေနပ်နေပါတယ်။ နောက်တော့ သားလေးမကြိုက်မှန်းသိလို့ သားအနားက ခွာသွားရှာပါတယ်။ အဲဒီနောက်မှာတော့ ထူးချွန်က မချောဆီကနေ ပိုက်ဆံတောင်းပြီး အိမ်ရှေ့မှာ ထောင်ထားတဲ့စက်ဘီးကို တက်စီးကာ ထွက်သွားပါတယ်။ မချောကတော့ ထူးချွန်ရဲ့ ကျောပြင်ကို ကြည့်ရင်း ကျန်ရစ်ခဲ့ပါတယ်။ ဟုတ်ပါတယ်။ မချောမှာ ချစ်စရာ၊ တွယ်တာစရာဆိုလို့ ဒီသားလေးတစ်ယောက်ပဲ ရှိပါတယ်။ သားလေးကို ဘယ်လောက်ချစ်လဲ မေးရင် သူမဖြေတတ်ပါ။ ပင်လယ်ကြီးလောက်လား၊ မိုးကောင်းကင်ကြီးလောက်လား၊ ကမ္ဘာကြီးလောက်လား၊ စကြဝဠာကြီးလောက်လား၊ အဲဒီလောက်မကဘူး၊ အဲဒီအတိုင်းအတာတွေထက် ကျယ်ဝန်းတဲ့ ကြီးမားတဲ့ နှိုင်းစရာတွေရှိရင်တောင် အဲဒီလောက်မက ချစ်တယ်လို့ ပြောနိုင်ပါတယ်။ သူ့သားကို ရင်ထဲက နင့်နေအောင်ကို ချစ်ရှာသူပါ။ ကုန်ကုန်ပြောရရင် သားလေးအတွက်ဆိုရင် အသက်ကိုပင် ပေးဝံ့သူပါ။ သားလေးကို မချောတင် ချစ်တာမဟုတ်ပါ။ သွားလေးသူ သားလေးရဲ့ အဖေဖြစ်သူ ကိုသြကလည်း မျိုမလောက် ချစ်ရှာသူပါ။ မချောသားလေး ထူးချွန်ကို ကိုယ်ဝန်ဆောင်ထားစဉ်က - “မချော ငါ့ကို သားယောကျ်ားလေးမွေးပေးနော်” “အလိုတော်”၊ “ဒီလိုကိစ္စမျိုးက ကိုယ်လိုချင်တိုင်း ရတာမဟုတ်ဘူး ကိုသြရဲ့ ဘုရားပေးတာကိုပဲ ယူရတာ။ ဘာလဲ တော်က မိန်းကလေးဆိုရင် မယူချင်တဲ့သဘောပေါ့ ဟုတ်လား။” “အဲဒီလိုလဲ မဟုတ်ပါဘူး မချောရယ်။ ငါက သားလေးကိုပဲ လိုချင်လို့ပါ။ တကယ်လို့ သားယောကျ်ားလေးမွေးလာခဲ့ရင် နာမည်တောင် ငါစဉ်းစားပြီးပြီ” “ဘယ်လို နာမည်မျိုးလဲ သားလေးကို ထူးချွန်ထက်မြက်သူဖြစ်အောင် ပညတ်သွားရာဓာတ်သက်ပါအောင် ထူးချွန်လို့ ပေးထားတယ်။ “အမလေး ကိုသြရယ် တော့အဖြစ်က မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး။ နှုတ်ခမ်းနာနဲ့ တည့်မလား ပုံစံမျိုးဖြစ်နေပြီ” “ဟဲ ဟဲ ဟဲ၊ ဟုတ်တယ်နော် ငါရူးနေပြီထင်တယ်” တကယ်တော့ ကိုသြဟာ သားရူးရူးနေတဲ့ ဖခင်တစ်ဦးပါ။ ကြည့်လေ သားလေး လိုချင်လွန်းလို့ ညစဉ် ဘုရားကန်တော့ပြီးတိုင်း သားယောကျ်ားလေး ပေးတော်မူပါဘုရားလို့ အမြဲတမ်း ဆုတောင်းနေရှာပါတယ်။ ဒီလိုနဲ့ မချော မီးဖွားချိန် ရောက်ခဲ့ပါတယ်။ ကိုသြမှာ မီးနေခန်း (မွေးခန်း) အပြင်ဘက်ကနေ စိုးရိမ်တကြီး စောင့်နေရှာပါတယ်။ ပါးစပ်ကလည်း ဘုရားစာတွေ ရွတ်ပေါ့။ ကလေးရော၊ လူကြီးပါ ကျန်းမာပါစေ ဆုတောင်း၊ သားယောကျ်ားလေးဖြစ်ပါစေလို့လည်း တိုးတိုးလေးရေရွတ်ပေါ့။ ကိုသြမှာ ရင်တထိတ်ထိတ် စိုးရိမ်စိတ်တွေ ကြိတ်မှိတ်ခံစားနေစဉ်မှာပဲ အခန်းထဲက အရပ်လက်သည် ဒေါ်ရွှေရဲ့ အသံကို ကြားလိုက်ပါတယ်။ “ကိုသြရေ မင်းဆုတောင်း ပြည့်ပြီဟေ့၊ ယောကျ်ားလေး ယောကျ်ားလေး တုတ်တုတ်ခဲခဲ ချစ်စရာလေးဟေ့။ မိချောလည်း နေကောင်းတယ်” အဲဒီအသံလည်း ကြားလိုက်ရော ကိုသြမှာ ဝမ်းသာအားရနဲ့ ခုန်ပေါက်ကနေလိုက်ပုံများ မမောနိုင်၊မပန်းနိုင်ပါဘဲ သူ့တစ်သက်မှာ ဒီလိုအပျော်မျိုး တစ်ခါမှ မကြုံဖူးဘူးလို့လည်း ပြောရှာပါတယ်။ အဲဒီနောက် ခုနစ်ရက်ပြည့် မီးထွက်တဲ့နေ့မှာတော့ သားလေးကို နာမည်ပေး ပုခက်တင် မင်္ဂလာလေး ကျင်းပပါတယ်။ သားလေးကို သူကြိုတင်စီစဉ် ထားတဲ့အတိုင်း “မောင်ထူးချွန်”လို့ ခေါ်တွင်စေလိုက်ပါတယ်။ အားလုံးကလည်း “ထူးချွန်တဲ့ဟေ့” အော်ဟစ်ပြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သက်တော်ရာကျော်ရှည်ပါစေဆိုပြီး ဝိုင်းဝန်းဆုတောင်းပေးကြပါတယ်။ ကိုသြလည်း မိုးပြဲဒယ်ကြီးနဲ့ ကြာဆံတွေကြော်ပြီး ရပ်ကွက်ထဲအနှံ့ဝေငှရင်း ထူးချွန်အတွက် ပထမဆုံးကုသိုလ်ပြု ပေးလိုက်ပါတယ်။ ရပ်ကွက်ထိပ်မှာရှိတဲ့ ဆရာတော်ကိုလည်း ဆွမ်းချိုင့်ပို့ လှူဒါန်းပါတယ်။ ပြောရရင် ကိုသြလည်း သားယောကျ်ားလေးရပြီးတဲ့နောက်မှာ ညဆိုလည်း မအိပ်နိုင်ရှာဘဲ သားလေးနောင်ရေးအတွက် စီမံကိန်းတွေချပြီး မချောနဲ့ တိုင်ပင်ရတာအမော။ မချောတိုင်ပင်စရာရှိလို့၊ ကိုသြအခုချိန်ထိ မအိပ်သေးဘူးလား။ မနက်လည်း ဆိုက်ကားနင်း ထွက်ရဦးမှာလေ။ အဲဒါတွေထားလိုက်စမ်းပါ မချောရာ။ တို့အခု သားလေးရထားပြီဆိုတော့ ပထမဆုံးသားလေးကို ရှင်ပြုပေးရမယ်။ဒုတိယ ပညာတတ် ထူးချွန်သူကြီးဖြစ်အောင် ကျောင်းထားရမယ်။ တတိယကတော့ သူ့ကို မင်္ဂလာဆောင်ပေးရမယ်။အဲဒါတွေ အားလုံးက တို့တာဝန်တွေချည်းပဲ မဟုတ်လား။ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့်လည်း ကိုသြရယ် သားလေးက အခုမှ ရက်သားလေးပဲရှိသေးတာ။ စီစဉ်တာ မစောလွန်းဘူးလား။ ဟာ မချောရ ဝီရိယဆိုတာ ပိုတယ်မရှိဘူး။ အခုချိန်ကတည်းက ကြိုတင် စုဆောင်းထားမှ နောင် သူကြီးလာတဲ့အခါမှာ ပူစရာမလိုတော့ဘဲ အဆင်သင့်ဖြစ်မှာပေါ့ မချောရ။ သားလေးရဲ့ ရှေ့ရေးကို တိုင်ပင်ဆုံးဖြတ်ပြီးတဲ့ နောက်မှာတော့ ကိုသြမှာ ကြိုးစားပြီး နင်းရှာပါတယ်။ မချောလည်း မီးဖွားပြီး သုံးလကျော်ကျော်လောက်မှာ ဈေးပြန်ထွက်ဖို့ ပြင်ဆင်ပါတယ်။ သွေးနုနု၊သားနုနုရှိနေသေးတဲ့အချိန်မှာ ဈေးထွက်ဖို့ ပြင်ဆင်နေတဲ့ မချောကို ကြည့်ပြီး အစ်မဖြစ်သူ ဒေါ်ချက်က စိုးရိမ်စိတ်နဲ့တားပါတယ်။ “ဟဲ့ မိချော ဈေးပြန်ထွက်တော့မလို့လား။ ဟုတ်တယ် အစ်မရေ သားလေးအတွက် ငွေရှာရဦးမယ်လေ၊ဒါတော့ ဒါပေါ့အေ ကိုယ့်ကျန်းမာရေးလည်း ရှိသေးလေ။ တော်ကြာ မီးယပ်ကျိုး ကျိုးပြီး ပုံလဲနေပါဦးမယ်။ ညည်းအတွက် ပြောတာနော်။ အစ်မကို တစ်မျိုးမထင်နဲ့” ပတ်ဝန်းကျင်ရှိတဲ့လူတွေက မချောကို စေတနာထားပြီး ပြောကြပါတယ်။ တားကြပါတယ်။ မချောကတော့ သူတို့စေတနာကို အသိအမှတ်ပြု လက်ခံပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ သူတို့ကို မလေးစားလို့တော့ မဟုတ်ပါ။ သားလေးအတွက်ဖြစ်နေလို့ မချောဈေးပြန်ထွက်ခဲ့ပါတယ်။ ကိုသြနဲ့မချောဟာ သားလေးအတွက်ဆိုပြီး တူညီတဲ့ရည်ရွယ်ချက်တွေနဲ့ အလုပ်တွေ ကြိုးစားလုပ်ကြပါတယ်။ ရလာတဲ့ငွေကိုလည်း အချိုးကျ ခွဲဝေသုံးစွဲပြီး ပိုတဲ့ငွေကို ကျစ်ကျစ်ပါအောင် စုကြပါတယ်။ နေ့ရက် တွေ ကြာလာတဲ့အခါ စုပါများ တောင်ပို့ဖြစ်ဆိုတာမျိုးလို ငွေတွေ စုဆောင်းလာပါတယ်။ ဒါကြောင့် သားလေး သုံးနှစ်ကျော်ကျော်လောက်မှာ လှူနိုင်ခဲ့ပါတယ်။ လှူတယ်ဆိုပေမယ့်လည်း ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါ။ ရပ်ကွက်ထိပ်မှာရှိတဲ့ ဆရာတော်ကျောင်းမှာပဲ လှူတာပါ။နှစ်ဖက်ဆွေမျိုးနဲ့ ရပ်ကွက်ထဲက လူတွေဖိတ်၊ ထမင်းကျွေး၊ ဆရာတော်၊ သံဃာတော်ကြီးများအား ဆွမ်းကပ်၊ ဝတ္ထုငွေလှူ၊ ပရိက္ခရာ ရှစ်ပါးအစုံအလင်နဲ့ သား လေးကို သာသနာ့ဘောင် သွပ်သွင်းချီးမြှင့်လိုက်ခြင်းပါ။ ဒါလည်း အလှူပဲလေ။ သားလေးကို ရှင်သာမဏေဖြစ်သွားဖို့ပဲ မဟုတ်ပါလား။ အခုတော့ သားလေးက ကိုရင်လေးဖြစ်သွားပါပြီ။ ဣန္ဒြေရရ၊ ဦးပြည်းစိမ်းစိမ်း၊ အဝါရောင် သင်္ကန်းလေး ဆင်မြန်းထားတဲ့ သားကိုရင်လေးကို ကြည့်ပြီး ကိုသြတို့ ဖူးမြော်မဝ ဖြစ်နေရှာပါတယ်။ အနှစ်နှစ် အလလက မျှော်မှန်းထားခဲ့တဲ့ အလှူလည်း ဒီနေ့ အထမြောက်အောင်မြင်ခဲ့လို့ ကိုသြတို့ ကြည်နူးမဆုံးလည်း ဖြစ်နေကြပါတယ်။ ပျော်နေကြပါတယ်။ သားလေးအတွက် ပထမအစီအစဉ် အောင်မြင်ပြီးမြောက်သွားတဲ့နောက် ဒုတိယ အစီအစဉ်စဖို့ ပြင်ဆင်ကြရပြန်ပါတယ်။ လာမည့်နှစ်မှာ သားလေးကို ကျောင်းထားရတော့မှာဖြစ်ပါတယ်။ ဒီအတွက် ကိုသြတို့ ဇနီးမောင်နှံ အလုပ်ကို နှစ်ဆတိုး လုပ်ရတော့မှာပါ။ ပညာရေးကိစ္စဆိုတာ ရေရှည်သွားရမဲ့ ခရီးရှည်ကြီးတစ်ခုပါ။ ပညာရေးခရီးဆုံးအောင်သွားနိုင်ဖို့နဲ့ သားလေးကို ပညာတတ်ကြီးတစ်ယောက်ဖြစ်ဖို့ ကိုသြတို့ သာမန်ကြိုးစားရုံနဲ့မရပါ။ ဒါကြောင့် အခုဆိုရင် ကိုသြ နံနက် ၆ နာရီလောက်မှာ ဆိုက်ကားကို စနင်းပြီး နေ့ ၁၂ နာရီလောက်မှာ အိမ်ပြန်ထမင်းစားနား၊ နေ့လယ် ၂ နာရီလောက်ကနေ ည ၉ နာရီ လောက်အထိ အလုပ်လုပ်ပါတယ်။ မချောကလည်း မနက်ဈေး၊ ညဈေးထွက်ပြီး ဈေးရောင်းပါတယ်။ ပင်ပန်းကြပါတယ်။ ဆင်းရဲကြပါတယ်။ဒါပေမယ့်လည်း သားအတွက်ဖြစ်လေတော့ သူတို့ ကျေနပ်နေကြပါတယ်။ သူတို့ကြည့်လိုက်ရင် အမြဲတမ်း ရွှင်လန်းတက်ကြွနေပါတယ်။ ဒါပဲလေ မိဘဆိုတာ သားသမီးအတွက်ဆိုရင် ဘာမဆို ပြုဝံ့သူတွေဆိုတော့ ဒီမျှလောက်၊ဆင်းရဲခြင်း၊ ပင်ပန်းခြင်းတွေကိုတော့ ခံနိုင်ရည်ရှိရမှာပေါ့။ သားသမီးတိုင်းက မိဘအတွက် မဖြစ်နိုင်ပေမယ့် မိဘတိုင်းကတော့ သားသမီးတိုင်းအတွက် ချည်းပါပဲ။ မိဘဆိုတာ သားသမီးတွေဆီက ဘာအကျိုးအမြတ်ရလဒ်ကိုမျှ မမျှော်လင့်ဘဲ ကိုယ်ကျိုးမဲ့ ပေးဆပ်နေကြသူတွေပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် ကိုသြနှင့် မချောလည်း မိဘတွေရဲ့ အစဉ်အလာအတိုင်း သားလေးအတွက် အသက်တွေ နှင်းအပ်ပြီး ပေးဆပ်နေကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြော

**ဇမ္ဗူသီရိ ဇူလိုင် ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ထိုက်သူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အိုင်ပီမျိုးအောင်က လူငယ်နှင့် ဥပဒေအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏ အမြင်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ဟောပြောပွဲ အပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ လူငယ်ရေးရာနှင့်ပတ်သက်သည့် စာအုပ်များ၊ လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**

## သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဇူလိုင် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၂၆ရက်က အသက် ၉၀ ပြည့် မှူခင်းဆရာဝန်ကြီး ပါမောက္ခဒေါက်တာသောင်းမြင့်အား ငွေကျပ်နှစ်သိန်း၊ ခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း) ပါမောက္ခ ဦးဗိုနီအား ငွေကျပ် တစ်သိန်း၊ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာ ဦးဘိုစင်အား ငွေကျပ် တစ်သိန်းနှင့် သေဆုံးသွားသော ဒေါက်တာဦးစောလွင်အား နာရေးထောက်ပံ့ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် တွဲဖက်အတွင်းရေးမှူးဒေါက်တာမောင်မောင်သန်းတို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။



မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ) (၀၄၅)**

## လူထုအခြေပြုဗဟိုဌာနတွင် စစ်တုရင်သင်တန်း ဖွင့်လှစ်

**တံတားဦး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက စစ်တုရင်ကစားနည်းသင်တန်းဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ မိမိတို့ စိတ်ပါဝင်စားသည့် အားကစားနည်းကို အခြေခံစနစ်တကျ တတ်မြောက်စေရန်၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြီး စစ်တုရင်ကစားနည်းသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၂၅ရက်မှ ၂၆ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့သည်။

စစ်တုရင်ကစားနည်းသင်တန်းတွင် မြို့နယ်စစ်တုရင်ပြိုင်ပွဲကျင်းပရေးအဖွဲ့ အဖွဲ့ဝင် စစ်တုရင်ပြိုင်ပွဲနည်းပြ ဦးရဲမောင်က ပြောကြားရာတွင် မိမိရွှေ့လိုသည့် အရုပ်သာ ကိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းမှ လက်တွေ့သင်ကြားပေးသည်များကို လေ့လာမှတ်သားစေလိုကြောင်း၊ စစ်တုရင်ကစားနည်းသည် စိတ်အေးချမ်းသာယာသည့် ကစားနည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်တုရင်ကစားနည်းကို သင်တန်းနည်းပြများက သင်တန်းသားများအား လက်တွေ့သင်ကြားပေးကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းကို နေ့စဉ် နံနက် ၁၀နာရီမှ နေ့လယ် ၁၂နာရီထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။ (၄၀၉)

## စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**နတ်မောက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းကို ကျားမင်းလမ်းသွယ်(၂)လမ်း၌ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျားမင်းလမ်းသွယ်(၂)လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ၂၃ ဒသမ ၀၀ ကျပ်သန်း အကုန်အကျခံကာ အရှည် ၁၉၃ ဒသမ ၂၃ မီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့် ထု ၀ ဒသမ ၁၅ မီတာ အားတင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါကွန်ကရစ်လမ်းပြီးစီးပါက ရာသီမရွေး ဒေသခံပြည်သူများဝင်ထွက်သွားလာလွယ်ကူပြီး မိုးတွင်းကာလတွင် ဗွက်ထူခြင်း၊ ရေဝပ်ခြင်း၊ သွားလာမှုခက်ခဲခြင်းများ ကင်းဝေးစေ၍ အများပြည်သူ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။ **(ဓါတ်ပုံ) လှဝင်း**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အတတ်ပညာ ကိုယ်စီရှာ

* နှုတ်မှုပညာ လက်မှုပညာ
အဖြာဖြာကို သေးငယ်ဟုသာ
မထင်ပါနဲ့ ပညာအစ
တစ်ခုခုကို ကုန်စင်ပညာ
တတ်ကျွမ်းပါက သင်၏ဘဝ
ဝမ်းကြောင်းပညာ ဖြစ်နိုင်ပါ၏။

* ပညာမပါ ဥစ္စာရှာက
ရင်းနှီးခန္ဓာ ပင်ပန်းစွာဖြင့်
နေပူမိုးရွာ မနေသာဘဲ
အားခဲ၍သာ ရှာကြရာ၏
ဤသို့ ဤသာ ရှာရပါလည်း
တန်ကြေး တန်ရာ ရသို့ဥစ္စာ
မသေချာတဲ့။

* ဝမ်းကြောင်းပညာ တစ်ခုပါမှ
ပစ္စည်းဥစ္စာ ဖွေရှာရာတွင်
လွယ်ကူသက်သာ ရရှိရာ၏
ပင်ပန်းသည်ခြင်း တူသော်လျှင်လည်း
အကျိုးခြင်းမှာ ကွာခြားရာ၏။

* ထို့ကြောင့် မောင်တို့ တစ်ခုပညာ
ကိုယ်စီပါအောင် အချိန်ရှိခိုက်
လုံ့လစိုက်၍ သင်လိုက်ကြပါ
ဆွေသဟာတို့။

ဆန်း(မန္တလေး)



## သတင်းပဒေသာ

### အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် စာပေစကားပိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ စာပေ စကားပိုင်းကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အမှတ်(၂)အ・ထ・ကတွင် အသိပညာပေးဟောပြောပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် အခြေခံပညာဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် အသိပညာပေးဟောပြောပွဲ နှင့် သန်ချဆေးတိုက်ကျွေးခြင်း ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်စာငှားလုပ်ငန်းများကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စာပေဗဟုသုတများရရှိစေရန်၊ စာအုပ်စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့် ကောင်းများရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒက္ခိဏခရိုင်ရုံးမှ နယ်လှည့်စာငှားလုပ်ငန်းများကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့မွန်းလွဲ ပိုင်းတွင် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ပျဉ်းမနားခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သွားရောက်၍ စာအုပ်စာစောင် များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်များတွင် တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်း ဆောင်ရည်မြင့်မားစေရန်နှင့် အရည်အသွေးမြင့်မားစေရန် ရည်ရွယ် ကာ စာကြည့်တိုက်ပညာသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံးစာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

### ပန်းခင်းစီမံချက်အဆင့်-၃၊ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်-၃၊ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း ကို မင်းကင်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ စကားဝါခန်းမ၌ ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာသင်တန်း ဖွင့်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ လယ်လှ ကျေးရွာတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပွား ရေးအတွက် လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လယ်လှ ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးချမ်းသာကြီးဆန်လှူအသင်း ဆရာတော်ကြီးများထံမှ သြဝါဒခံယူ (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲရေစက်ချမင်္ဂလာ ကျင်းပ



**မန္တလေး ဇူလိုင် ၂၈**

မန္တလေးချမ်းသာကြီး ဆန်လှူအသင်း၏ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒ ခံယူခြင်းနှင့် (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း နှင့် လမ်း၉၀ထောင့်၊ ပွဲကုန်း လမ်းမတန်းရှိ အဆိုပါအသင်း တိုက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ပြီး သက်တော်ရှည်အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မိုးကောင်းတိုက်၊ ဇေယျဝတီ ကျောင်းဆရာတော်ထံမှ ရှစ်ပါး သီလခံယူပြီး ကြွရောက်လာသော ဆရာတော်များ ရွတ်ပွားသော ပရိတ်ဒေသနာတော်များကို နာယူ ကြသည်။ ထို့နောက် အသင်း ဥက္ကဋ္ဌ ဦးထွန်းက အသင်း၏ ဆောင်ရွက်မှုများ လျှောက်ထား သည်။ (ဝဲပုံ)

ဆက်လက်၍ အဂ္ဂမဟာ ပဏ္ဍိတ အဝေရာရာမရန်ကင်း ကျောင်း ဆရာတော်ကြီးမှ သြဝါဒ ကထာမိန့်ကြားပြီး ချမ်းသာကြီး ဆန်လှူအသင်းဥက္ကဋ္ဌနှင့် အမှု ဆောင်များက ဆရာတော်များ အား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်း များ ဆက်ကပ်သည်။ ထို့နောက် မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီး၏ ရေစက်ချအနု မောဒနာတရား နာယူကြည်ညို ခဲ့ကြကြောင်း သိရသည်။ (ဝ၄၅)

## ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ကောဒသမအကြိမ် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓ ဘာသာဘုရားကျောင်း ဂေါပက အဖွဲ့ကဦးစီး၍ မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက ကော ဒသမအကြိမ်မြောက် (ဒုတိယ ပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူ ပွဲကို ယနေ့နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲ တွင် မဟာဝိသုဒ္ဓါတိုက်သစ်မှ သံဃာတော်အရှင်သူမြတ် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပက အဖွဲ့တာဝန်ရှိသူများနှင့် အတူ မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓ ဘာသာဝင် တရုတ်မျိုးနွယ်စု များက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူ ကြကြောင်း သိရသည်။

(အောက်ပုံ)(ဝ၉၃)





## ဝါတွင်းသီလပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင် ကျေးရွာမြှောရုံတွင် စဉ်ဆက် မပြတ်ကျင်းပမြဲဖြစ်သော သီလ ပွဲကို ယနေ့ နံနက်က ကျင်းပ သည်။

သီလပွဲကုသိုလ်ရှင်မှာ နန်းဦး လွင် ကျေးရွာဗုဒ္ဓဝေယျာဝစ္စအသင်း မှ လူငယ်မောင်မယ်များက ကုသိုလ်ပြုကြခြင်းဖြစ်သည်။ သီလပွဲသို့ ကြွရောက်လာကြ သော ကျေးရွာသူ၊ ကျေးရွာသား များအား မုန့်ဟင်းခါးဖြင့် တည် ခင်းဧည့်ခံကုသိုလ်ပြုခဲ့သည်။

သီလပွဲရေစက်ချတရားတော် ကို သရက်ကုန်းတောင်ကျောင်း ဆရာတော်က ဟောကြားချီးမြှင့် ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၁)

## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစု များစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေး ရပ်မှ ကြွရောက်အလှူခံတော်မူ ကြသော ဆရာတော်၊ သံဃာတော် များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။ (ယာပုံ)

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေး ပြင်လေးရပ်မှ ကြွရောက်တော်မူ ကြသော ဆရာတော်၊ သံဃာတော် များအား ယနေ့နံနက်ပိုင်းက (၈၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားကြော်၊ သရက်ချဉ် သုပ်တို့ကို ၃၆လမ်းနှင့်၆၉လမ်း ထောင့်တွင်ပြင်ဆင်၍ ကြွရာက် လာကြသော ဆရာတော်၊ သံဃာ တော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက် လောင်းလှူကြမည်ဖြစ်၍ လေး ပြင်လေးရပ်မှ ဆရာတော်သံဃာ တော်များအား ကြွရောက်အလှူ ခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



# တာဝန်ထမ်းကြသည်ဆိုရာဝယ်

(၂၃-၇-၂၀၂၄)ရက် စာမျက်နှာ-၁၇ မှအဆက်

နံနက်ခင်း၃နာရီ အိပ်ရာက နိုးထ၏။ မျက်နှာသစ်ပြီး လေ့ကျင့်ခန်းလုပ်ရန် အဆောင်ရှေ့ကွင်းပြင်သို့ ထွက်သည်။ သူငယ်ချင်းလှသူလည်းထွက်လာသည်။ အတူလေ့ကျင့်ခန်း လုပ်နေစဉ် ကားတစ်စီး၏မီးရောင်ကို တောစပ်တွင် မြင်လိုက်ရသည်။ ဖြတ်ခနဲဝမ်းသာမိသည်။ ရိက္ခာလာပို့သောကားဖြစ်မည်ဖြစ်သည်။ မီးရောင် တဖြည်းဖြည်းနီးလာပြီး ကားစက်သံပင် ကြားရသည်။ TOYOTA DA 80 အသံဖြစ်သည်။ ထိုမော်တော်ယာဉ်သည် တပ်မတော်သုံး ဖြစ်သည်။ ပုံစံတူနှစ်မျိုးရှိသည်။ DA နှင့် FA ဖြစ်သည်။ တစ်မျိုးကဓာတ်ဆီသုံး၊ တစ်မျိုးက ဒီဇယ်သုံးဖြစ်သည်။ အမှောင်ထဲမှကစားနေသည်ကို ရပ်ရင်း စိတ်ဝင်တစားကြည့်နေမိသည်။ သူငယ်ချင်းကိုလည်း "ဟော့ကောင် ဒါ စစ်ကားကွ" ဟု ပြောလိုက်မိသည်။ ငယ်စဉ်ကတည်းကပင် စစ်သုံးမော်တော်ယာဉ်များနှင့်ရင်းနှီးခဲ့၍ အသံကြားလျှင်ပင် မည်သည့် အမျိုးအစားဖြစ်ကြောင်း ခွဲနိုင်ခဲ့သည်။ အလယ်တန်းကျောင်းသားဘဝကတည်းက ကျောင်းပိတ်လျှင် မော်တော်ယာဉ်များပြင်ဆင်ခြင်းတွင် ပါဝင်လုပ်ကိုင်ခဲ့၍ သိနေခြင်းဖြစ်သည်။ ထိုမော်တော်ယာဉ်များကို ကလိရင်း ကျောင်းတက်ခဲ့ရသည်မို့ အလွတ်ရနေခဲ့သည်။ တောတွင်းလမ်း ရွှံ့နွံရှုန်းရသောကြောင့် ပါဝါကောင်းသော ဒီဇယ်ကားဖြင့်လာခြင်းဖြစ်သည်။ တဖြည်းဖြည်း အတွင်းရဲဂိတ်ကိုကျော်၍ ရုံးနားရောက်လာသည်။ မီးရောင်အောက်ရောက်၍ ထင်ထင်ရှားရှားမြင်ရပြီး လက်နက်ကိုင်တပ်မတော်သား လေးယောက်ဆင်းပြီး အထုပ်အပိုးများ ဆန်အိတ်များကိုချသည်။ ရိက္ခာပို့ခြင်းဖြစ်သည်။ စခန်းမှူးကို ယူနီဖောင်းအပြည့်ဖြင့် တွေ့ရသည် ။ အစောကြီး ထူးခြားသည်။ ပစ္စည်းများချပြီး အမျိုးသမီးဆောင်ဘက်သို့ ကားမောင်းသွားကြသည်။ "သူငယ်ချင်းရေ မဌေးဝင်းကြီး အခြေအနေမကောင်းဘူးထင်တယ်ကွ" ဟု ပြောမိသည်။ အမျိုးသမီးဆောင်မှ ထမ်းစင်ဖြင့် လူအချို့ထွက်လာသည်။ ကျွန်တော် တို့နှစ်ဦးလျှိုထဲဆင်း တစ်ဖက်ကုန်းကူး စုဝေးကွင်းကို ဖြတ်ပြေး၍ မော်တော်ယာဉ်ရှိရာသို့ သွားခဲ့သည်။ စခန်းမှူးက မျက်နှာမကောင်း "ဆရာကျွန်တော်တို့ ဘာကူညီရမလဲ အစ်မအခြေအနေရော" ဟုမေးရာ "မင်းတို့အစ်မ သတိလစ်သွားလို့ ဆေးရုံပို့မှဖြစ်တော့မယ် သက်ဆိုင်ရာနယ်မြေခံတပ်က လာခေါ်တာ ဆေးရုံပို့ပေးလိမ့်မယ် မန္တလေးကဆေးရုံမှာပါတီယူနစ်နဲ့ လူငယ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့တွေ စောင့်နေကြတယ် ငါလိုက်သွားမှာ မင်းတို့ သတိဝီရိယနဲ့နေ၊ စခန်းကို စောင့်ရှောက်ကြ" ဟု မှာကာ တက်သွားခဲ့သည်။

ထိုနေ့က နေသာသည်။ အလုပ်ခွင်အတွင်း ဆင်းရင်း နားချိန်တွင် စုထိုင်ရင်း မဌေးဝင်းအကြောင်း ပြောကြသည်။ စိတ်မကောင်းကြ။ နောက်လူများ ငှက်ဖျားမဖြစ်အောင် ဂရုစိုက်ကြရမည်။ ချုပ်ရိုးပြုတ်၊ ကြယ်သီးပြုတ်၊ စုတ်ပြဲသော ယူနီဖောင်းများအကြောင်း ပြော၍ အပ်ချည်နှင့်အပ်ကို အမျိုးသမီးအဖွဲ့ထံမှ ငှားသည်။ အမှတ် (၁) တက္ကသိုလ်လူငယ်အဖွဲ့မှ သူငယ်ချင်းမိန်းကလေးများက အစုတ်အပြဲများစု၍ အဆောင်ရောက်လျှင်ပေးရန်၊ အားလုံးစု၍ ချုပ်ပေး၊ ကြယ်သီးတပ်ပေးမည်ဟုပြောသည်။ တစ်နေ့တခြားစည်းလုံးခင်မင်မှုမှာ ပို၍တိုးတိုးလာသည်။ ထိုင်နားနေစဉ် တောတိုး၍ ပြေးလာသံကြားရသည်။ နှစ်ယောက်ဖြစ်သည်။ ယူနီဖောင်းအပေါ်ပိုင်းတွင် ပုဆိုးများကို ခြုံထား၍ ပြေးလာခြင်းဖြစ်သည်။ ရုတ်တရက်မို့ လန့်သွားသည်။ "ပျားအုံရလာပြီကွ" ဟု အော်မှ မောင်တိုးဖြစ်ကြောင်း သိရသည်။ ပုဆိုးခြုံဖယ်လိုက်တော့ ဒေသခံလူငယ်မောင်တိုးနှင့်မြဦးတို့ ပျားအုံတစ်အုံစီဖြင့် တွေ့ရသည်။ "ဟော့ကောင်တွေ ပျားအတုပ်ခံရရင် ဘယ်လိုလုပ်မလဲကွ" ဟု မေးရာ "ဒီပျားကဘာမှမဖြစ်ဘူး ဟိုဘက်လျှိုထဲက ဖွပ်လာတာ" ဟု ဆို၍ဝိုင်းဖွဲ့စား၊ ပျားရည်လျက်ကြသည်။ ရေသောက်လိုက်တော့ အဆာပြေသွားသည်။

ထိုနေ့မှစ၍ နေ့စဉ်နီးပါး ပျားဖွပ်စားကြသောကြောင့် ထိုနှစ်ယောက်ကို ဝက်ဝံနှစ်ကောင်ဟု အမည်ပေးလိုက်ကြသည်။ တဖြည်းဖြည်းနှင့်မိန်းကလေးများလည်း တောကိုမကြောက်ကြတော့ ပျားကြီး၊ ထုပ်ပနီ၊ စပါးကြီးမြွေများကို အန္တရာယ်မဖြစ်အောင် သတိဖြင့် စုစုစည်းစည်းရှောင်သည်၊ တွေ့လျှင်လည်း အရင်လို မပြေးကြတော့ စုစုစည်းစည်းနေ၍ အန္တရာယ်ကို ရှောင်ကြ၊ ကာကွယ်ကြသည်။ လုပ်ငန်းခွင်တွင် ပင်ပန်းသော်လည်း ပိုမိုပျော်ရွှင်လာကြသည်။ ဒီရက်ပိုင်း ကျော်ဦးကို သတိထားမိသည်။ အရင်လိုပျော်ရွှင်တက်ကြွမှုမရှိ တမှိုင်မှိုင်ဖြစ်နေ၏။ အဆောင်တွင်လည်း ခွေနေသည်က များသည်။ မေးမြန်းသောအခါလည်း နေမကောင်း၍ဟုသာ ဖြေသည်။ သူ့သူငယ်ချင်းမောင်မြင့်ကို မေးကြည့်မှ အဖြေမှန် သိရသည်။ အရက်မသောက်ရလျှင် အဆင်မပြေ၊ အရက်စွဲနေပြီဟု သိရသည်။ ယခုမှပထမနှစ်တက်မည့်သူတစ်ဦး အရက်စွဲနေသည်။ စိတ်မကောင်းဖြစ်စရာပါလေ။ ညနေခင်းပြန်ရောက်၍ ထမင်းစားဆောင်သွားရာတွင် ကျွန်တော်ဝှက်ထားသော လျှိုထဲမှ ပုလင်းတစ်ပုလင်းကိုယူ၍ စစ်ဖိနပ်ထဲတွင်ထည့် အပေါ်မှ ခြေအိတ်ဖြင့် ဖုံး၍ ပုံဖျက်ထားလိုက်သည်။ မည်သူမျှ မသိ။ နံနက် ၃နာရီကတည်းက ရေဘူးထဲတွင် အရက် သုံးပက်ခန့်နှင့် ရေရောပြီး အဆင်သင့်ထားခဲ့သည်။ အလုပ်ခွင်ဝင်ရင်း ကျော်ဦးအား ဆုံးမစကားပြောသည်။ အနာဂတ်အတွက် အဖိုးတန်လှသည့် အသက် ၂၀ခန့်အရွယ် လူငယ်တစ်ဦးကို စည်းရုံးရေးနည်းဖြင့် ဆွဲခေါ်ရသည်။ အလုပ်ထဲတွင် စိတ်မပါသော ကျော်ဦးကို နေ့လယ်ပိုင်းတွင် ကျွန်တော်၏ ရေဘူးပေးလိုက်သည်။ တစ်ငုံသောက်ပြီး ကျော်ဦးမျက်နှာရှုံ့သွားသည်။ ပြီးနောက် ကျွန်တော့်ကို ပြုံးကြည့်ပြီး မော့ချလိုက်တော့သည်။ "ငါ သတ်သတ်ဝှက်ထားတဲ့ ပုလင်းကွ မင်းကို တစ်နေ့နည်းနည်းတိုက်မယ် ဘယ်သူ့မှ မပြောနဲ့" ဟု ပိတ်ရသေးသည်။ ကျော်ဦး သီချင်းတအေးအေးဖြင့် အလုပ်ကို စိတ်ပါလက်ပါလုပ်သည်ကို တွေ့ရသည်။ ခါတိုင်းလို နေမကောင်းဟုဆိုကာ စခန်းတွင် အိပ်၍မနေတော့။ နည်းနည်းပဲတိုက်မည်။ ငှက်ဖျားကာကွယ်အောင်ဟု ပြောကာ တစ်နေ့နည်းနည်းသာ တိုက်ခဲ့သည်။

မြို့သို့သွားသောအဖွဲ့ ပြန်လာသည်။ ငှက်ဖျားလူနာ မဌေးဝင်း ပါမလာတော့။ ဆေးရုံတင်ခဲ့ပြီဟု ဆိုသည်။ မန္တလေး ပြည်သူ့ဆေးရုံ (ထိုစဉ်ကအခေါ်) အထူးခန်းတွင် ကုသနေပြီး ပါတီမှ လူကြီးများ၊ တာဝန်ရှိသူများ နေ့စဉ်စောင့်ကြပ်ကြည့်ရှုပေးကြောင်း၊ လိုအပ်ပါက ဂျပန်နိုင်ငံဆေးရုံသို့ ပို့၍ ကုသပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထိုနေ့မှစ၍ စခန်းသိမ်းပွဲနေ့ထိ မဌေးဝင်း စခန်းသို့ ပြန်မလာနိုင်တော့ပေ။ လပြည့်ညတစ်ညတွင် စခန်းအလယ် ကွင်းပြင်၌စု၍ မုန့်လုံးလုပ်စားကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြိုင်ကြ၊ မုန့်စားကြဖြင့် ပျော်စရာကောင်းလှသည်။ လပြည့်ည လကထိန်ထိန်သာ၊ တိမ်ကလည်းကင်းစင်နေ၍ ပျော်စရာကောင်းလှသည်။ ထိုစဉ် သေနတ်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့် ပေါ်လာသဖြင့် တိကနဲ အပျော်ရပ်၍ ထိုင်သူထိုင်၊ ထသူထ ရုတ်တရက်မို့ ကြောင်နေကြသည်။ ကျွန်တော်ကပင် ဝပ်ဟုအော်၍ ဝပ်စေရသည်။ နောက်ထပ် သေနတ်သံနှင့်အတူ အပေါ်မှ ကျည်ဆံဖြတ်သန်းသွားသံကြားရသည်။ အားလုံးဝပ်ပြီး လျှိုထဲကတစ်ဆင့် စားရိပ်သာမှာစုဟု အော်ဟစ်ရင်း ကြောက်လန့်နေသောအဖွဲ့များကို စုစည်း၍ လျှိုထဲပို့သည်။ ကျွန်တော်နှင့်လှသူ အဆောင်သို့ ပြေး၍ ဓားရှည်တစ်လက်စီယူသည်။ ခါးတွင် ဆေးအိတ်နှင့် ဓားမြှောင်က နဂိုကတည်းကပါပြီးဖြစ်သည်။ ကျွန်တော်တို့ လျှိုထဲမှ ပြေးကတည်းက ကျောင်းသားအချို့ ပါလာသည်။ တစ်ဖက်ကွင်းပြင်ထိ ရောက်အောင် လျှိုထဲမှ တက်ကတည်းက မိကျောင်းတက်ဖြင့် တက်ကြသည်။ လှသူနှင့် ကျွန်တော်ကယှဉ်လျက်၊ နောက်မှပါသော နှစ်ယောက်၊ သုံးယောက်ကို ဝမ်းလျားမှောက်၍တက်ရန် အော်ဟစ်သတိပေးရသည်။ ထိုစဉ် နောက်မှ အပြေးတက်လာသော ခြေသံများကြားရသည်။ ကွင်းစပ်တစ်ဖက်တစ်ချက်သို့ ဖြန့်ခွဲရန် အမိန့်ပေးသံလည်းကြားသည်။ ကျွန်တော်တို့အဖွဲ့က ကွင်းလယ်သို့နီးပြီ၊ နောက်မှတက်လာသောသူများကို လှည့်ကြည့်ရာ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့မှ ရဲဘော်များဖြစ်၍ အားပိုတက်ရသည်။ ကျောင်းသားတွေ နောက်ဆုတ် ငါတို့ရှင်းမယ်၊ တာဝန်ယူတယ်ဟုဆိုကာ ကျွန်တော်တို့ကို ရပ်နေခဲ့စေသည်။ ထိုအဖွဲ့နှင့်ကပ်၍ မိကျောင်းတက်ဖြင့် လိုက်ပါသွားသည်။ သေနတ်သံကြားရာ စည်းရိုးထိပ်ရောက်သော် ရဲတပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင်တချို့ ရှိနှင့်နေသည်။ သေနတ်သံအကြောင်းမေးရာ ရဲအရာရှိက သူ့အဖွဲ့ထံမှဖြစ်ကြောင်းဖြေရာ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက နေရာယူ၍ တန်းစီလူစစ်စေသည်။ နှစ်ယောက်လိုနေသည်။ ညဦးပိုင်းက သောက်ထားပြီး အမူးလွန်ကာ သေနတ်ဖောက်သည်ဟု ယူဆကြောင်း ပြောသည်။ လက်နက်ပါသွားသဖြင့် စခန်းပတ်လည် ဖြန့်ခွဲ၍ ရှာကြသည်။ ကျွန်တော်တို့ကိုမူ ဆက်လိုက်ခွင့်မပြု။ ထွန်စက်တွင် ဆလိုက်ဆင်၍ မြစ်ကမ်းတစ်လျှောက်လည်း ရှာကြသည်။ ကျွန်တော်တို့နှင့် နောက်ချန်အဖွဲ့က စခန်းကိုစောင့်ရှောက်ကြသည်။ ထိတ်လန့်နေသော အမျိုးသမီးအဖွဲ့ကို အဆောင်တွင်းထား၍ ပတ်လည်တွင် ကျောင်းသားများနှင့် စခန်းဝင်လူငယ်များ စောင့်ရှောက်ကြသည်။ အပြင်စည်းတွင် လုံခြုံမှုထိန်းသိမ်းရေး နောက်ချန်အဖွဲ့နှင့် ကျွန်တော်တို့ စောင့်ကြသည်။ ည ၂နာရီခန့်တွင် တောထဲ၌ ပုန်းအောင်းနေသူနှစ်ဦးကို ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့သည်။ အရက်ကြောင့် စိတ်လွတ်၍ ပြစ်မှုပြုလုပ်မိကြခြင်းဖြစ်သည်။ ထိုညက အားလုံးအိပ်မပျော်ကြ၊ အပျော်မှ ထိတ်လန့်မှု၊ အိပ်မပျော်မှုတို့ဖြင့် ညကို ကျော်ဖြတ်ခဲ့ကြရသည်။

နံနက်မလင်းခင်တွင် အိပ်ဆောင်များ၌ ပြန်အိပ်ကြသော်လည်း ကျွန်တော်တို့အဖွဲ့မှာ မအိပ်တော့။ မီးပုံဖို၍ လက်ကျန်မုန့်များကို ဆက်လုပ်ရင်း စားရင်းဖြင့် လူနည်းစု မီးပုံပွဲကို တိတ်ဆိတ်စွာ ကျင်းပခဲ့ကြသည်။ လုံခြုံမှုထိန်းသိမ်းရေးအဖွဲ့က စက်ဖြင့် ပေါက်၍ အကြောင်းကြားမှုကြောင့် နံနက်လင်းအားကြီးတွင် နယ်မြေခံတပ်မှ မော်တော်ယာဉ်ဖြင့်လာသော တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူနှစ်ဦးကို ချက်ခြင်းပင် ခေါ်ဆောင်သွားခဲ့သည်။ ထိုသူနှစ်ဦးအား ညပိုင်းက စိတ်ဆိုးခဲ့သော်လည်း ထိုသို့ ခေါ်ဆောင်သွားသည့်အခါ စိတ်မကောင်း၊ ရက်ပေါင်းများစွာ ပူးတွဲတာဝန်ထမ်းခဲ့ကြသဖြင့် သံယောဇဉ်ဖြစ်နေပြီဖြစ်သည်။ အမှားတစ်ချက်သည် ထိုနှစ်ဦးအတွက် အမည်းစက်စွန်းထင်းသွားစေသည်။

နောက်ရက် တန်းစီရာတွင် မိမိတို့လူငယ်စခန်း လုံခြုံရေးတွင် လိုအပ်ပါက ပူးတွဲတာဝန်ထမ်းဆောင်နိုင်ကြောင်း တင်ပြခဲ့သည်။ အားလုံးလည်း သဘောတူညီခဲ့ကြသည်။ လာမည့် စနေ၊ တနင်္ဂနွေတွင် စခန်းဝင်လူငယ်များအား ကင်းတားဆည်၊ ပြင်ဦးလွင်မြို့တို့သို့ လေ့လာရေးနှင့် အပန်းဖြေခရီးပို့ပေးမည်ဟု စခန်းမှူးက ပြောကြားသည်။ တောထဲတွင် အနေကြာခဲ့ပြီဖြစ်၍ ထိုသို့ သွားရမည်ကို ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

နောက်ထပ် သတင်းတစ်ခု ထပ်မံကြားခဲ့ရပြန်သည်။ ဆေးရုံသွားတက်နေသော မဌေးဝင်းသည် အခြေအနေဆိုးရွားသွားသဖြင့် ဂျပန်သို့ ပို့ဆောင်ကုသ၍မရတော့။ ငှက်ဖျားပိုး ဦးနှောက်ထဲသို့ ဝင်ရောက်သွားပြီဖြစ်သည်။ အသိစိတ်ကင်းကွာသောဘဝသို့ ရောက်ရှိသွားကြောင်း ကြားသိရသည်။ နိုင်ငံတော်၏ စီမံကိန်းကြီးများတွင် နားရက်မယူ၊ အားရက်မရှိ အလုပ်ခွင်၊ ကျောင်းစာသင်ခန်းတို့မှ ထ၍ အကျိုးပြုလုပ်အားပေးဆပ်ခဲ့သော၊ ပေးဆပ်နေသော စီမံကိန်းဝင် လူငယ်တစ်ဦးဘဝနှင့်ရင်း၍ နိုင်ငံတော်ကို အလုပ်အကျွေးပြုသွားပြီဖြစ်သည်။ နောက်နှစ်အနည်းငယ်တွင် ဆုံးပါးသွားခဲ့ရသည်။ နိုင်ငံ့တာဝန်ကို ဘဝနှင့်ရော၊ အသက်နှင့်ပါရင်း၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားခဲ့သော မဌေးဝင်းအား မျက်ရည်များဖြင့် အလေးပြုလိုက်ပါသည်။ ကောင်းရာသုဂတိလားစေသော်ဝ်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ဗလ



## ဆန်စက်နှင့်ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား ဆန်တစ်ပြည် (၃၀၀၀)ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**သရက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဆန်စက်နှင့် ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား အရည်အသွေးကောင်းမွန်သော ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ရောင်းချပေးခြင်းကို ယမန်နေ့ နံနက် ၈နာရီက ထုံးတောင်အုပ်စု၊ သရက်တောရပ်ကွက် ဓမ္မာရုံတွင် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဆန်ရောင်းချပေးရာတွင် အများပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် စားသုံးနိုင်ရေးအတွက် တစ်အိမ်ထောင်လျှင် နှစ်ပြည်နှုန်းဖြင့် ဆန်အိတ် ၁၅ အိတ် ရောင်းချပေးနေမှုကို စားသုံးသူရေးရာ ဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)ဇော်ထက်(သရက်)**

## မြို့သမိုင်းဝင် နောင်ခမ်းကန် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် တပ်နယ်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ အများပြည်သူဆိုင်ရာနေရာများအား အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် အမှတ်(၈)ရပ်ကွက်ရှိ မြို့သမိုင်းဝင် နောင်ခမ်းကန်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ထွေ၊ အုပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်အောက်ဘက်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်း အလင်းဖွင့်ခြင်း၊ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း၊ သစ်ရွက်ခြောက်ကြွေများ လှည်းကျင်းရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**







## အောင်လံမြို့၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ တာဝတိံသာ ကျောင်းတိုက်၌ ကပ်လှူပူဇော်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမ အပေါင်း သူတော်ကောင်းတို့မှ 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး၊ အောင်လံမြို့၊ တာဝတိံသာစာသင်တိုက် ပဓာနနာယကဆရာတော်မှ ကိုးပါးသီလ ချီးမြှင့်ပေးတော်မူခဲ့ပြီး၊ သံဃာတော်တို့က မေတ္တသုတ် ဒေသနာတော် ရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် အောင်လံခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ဆရာတော်၊ သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဒါန်းဖွယ်ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၆၇၀၀၀၀ အား ဆက်ကပ်လှူဒါန်းခဲ့ပြီး၊ အောင်လံမြို့၊ တာဝတိံသာစာသင်တိုက် ပဓာနနာယက ဆရာတော်က ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့အား အနုမောဒနာတရားဟောကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့မှ 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## မြစ်ရေဝင်ရောက်သော ကျေးရွာများမှ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် အစာအိတ် ထောက်ပံ့ပေးအပ်

**မြင်းခြံ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြင်းခြံမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်သော ကျေးရွာများမှ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် အစာအိတ် ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ထောက်ပံ့ပေးအပ်ခဲ့သည်။

မြင်းခြံမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်သော ကျေးရွာများဖြစ်သည့် နယ်ခြား၊ ပတ္တာ၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ သဘော်တင်၊ လေးအိမ်တန်း၊ အင်ကြင်းပင်၊ လက်ပံပင်၊ ဘောလုံး၊ အေးရွာကျေးရွာ စုစုပေါင်း ကျေးရွာ ၁၀ ရွာရှိ ကျွဲ၊ နွား အကောင်ရေ ၁၃၀၀ အတွက် အစာအိတ် ၃၀အိတ်အား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ခိုင်ထွေးမှ ပေးအပ်ခဲ့ရာ ကျေးရွာနေပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**မိတ္ထီလာ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသည့် ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာအား စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းစဉ်များအကြောင်းနှင့် စီမံကိန်းကော်မတီဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းများကို ပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ စီမံကိန်းကော်မတီဝင်များကို ရွေးချယ်ခဲ့ကြကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာနှင့် ညောင်မြင့်ကျေးရွာအုပ်စု၊ ပျော်ကုန်းကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၄၆၉)**



## စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အောင်လံ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ စာဖတ်ရိုက်နှုန်းမြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရန် မှာကြားထားသည်နှင့်အညီ အောင်လံမြို့နယ်၊ မဟာဇင်ကျေးရွာအုပ်စု၊ မဟာဇင်ကျေးရွာ၊ ကျေးရွာစာကြည့်တိုက် အဆောက်အအုံပုံစံ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာအား ယမန်နေ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ **(ဝဲပုံ)**



အဆိုပါ မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်း၊ မဟာဇင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက အောင်လံမြို့နယ်၊ မဟာဇင်ကျေးရွာအုပ်စု၊ မဟာဇင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မ,တည်ငွေနှင့် ရပ်ကွက်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး စာကြည့်တိုက်မြေနေရာအား တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

သင့်သွေးဖြင့် အသက်ကယ်ပါ။

# ပြည်ထောင်စုဝန်ကြီးများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ပုဂံခေတ်ရေအရင်းအမြစ်ဆိုင်ရာ ရေလမ်းကြောင်း၊ ရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ ပုဂံမြို့ဟောင်း ကျုံးတူးဖော်ထိန်းသိမ်းမှုများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျေးရွာ ရှစ်လက်မစက်ရေတွင်းတူးဖော်မှု၊ ဆည်ပေါက်ရှိ စက်ရေတွင်းများ တူးဖော်ရန်လျာထားမှု၊ မြို့ရေပေးဝေမှု၊ ကျောက်ပန်းတောင်းမြို့၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ ကျွန်းခင်းကြီးရေလှောင်တမံအမှတ်(၂) (အလျားပေ ၂၇၀၀၊ အမြင့်ပေ ၇၀) တည်ဆောက်ရန်လျာထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးများက မြို့ရေပေးဝေရေး၊ ပိုက်လိုင်းများပြန်လည်သွယ်တန်းနိုင်ရေး Plan ရေးဆွဲဆောင်ရွက်ရန်၊ မြို့နေလူထုအနေဖြင့်လည်း ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် တည်ဆောက်ဆဲ ကျွန်းခင်းကြီး ရေလှောင်တမံတွင် ဂါလန်တစ်သိန်းဆံ့ကန်ကို တည်ဆောက်၍ ဆိုလာစနစ်ဖြင့် ရေစုပ်ယူရန်နှင့် ကျောက်ပန်းတောင်းမြို့ ရေပေးဝေရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည် ညောင်ဦးမြို့နယ်ရှိ မြကန် ပြုပြင်ထိန်းသိမ်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် မြကန်ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခြင်းနှင့် တုရင်တောင် စိမ်းလန်းစိုပြည်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဒေသမျိုးရင်း သစ်မျိုးများဖြင့် ကွန်တိုဘောင် စိုက်ပျိုးဆောင်ရွက်ခြင်းများကို ငါးနှစ် စီမံကိန်းဖြင့် ဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ၂၃၅ ဘောင်တွင် ၇၇၉ ပင် စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက စနစ်တကျ အရည်အသွေးကောင်းကောင်းနှင့် အောင်မြင်စွာ စိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက်တာဝန်ရှိသူများက နိုင်ငံတော်ကြီးအကဲ၏ လမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်သည့် ကုန်းတန်းကြီးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း တစ်မိုင် လေးဖာလုံနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း သုံးဖာလုံ၊ အရှေ့ဖွားစော ကျေးရွာအဝင်မှ ဇယဝေရီကန်အထိ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း တစ်မိုင် ၂ဒသမ ၃ ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်မှာကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆယ်ယူပြုပြင်ထိန်းသိမ်းခဲ့သည့် ဖျောက်ဆိပ်ပင်ကန် (၁)၊ (၂)၊ (၃)နှင့် ကျောက်အိုးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆယ်ယူထိန်းသိမ်းခဲ့သည့် ဇယဝေရီကန်နှင့် မင်္ဂလာကန်(၃) တို့ကိုလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ ရှေးဟောင်းရေကန် ကန်ပေါင်နှင့် အနီးဝန်းကျင် နေရာများတွင် မူလသစ်ပင်ချုံနွယ်များနေရာ၌ မန်ကျည်းပင်၊ တမာပင်များ အစားထိုးစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဇယဝေရီကန်နှင့် မင်္ဂလာကန်(၃) ပတ်ဝန်းကျင်တွင် မန်ကျည်းပင်နှင့် တမာပင်များ စိုက်ပျိုးပေးကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် တာဝန်ရှိသူက နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မင်းနန်သူကျေးရွာ အဝင်လမ်း နှစ်မိုင်သုံးဖာလုံမှ အာနန္ဒာဘုရားသို့ သွားသောလမ်းပေါ်၌ ဂျင်းကျောက်လမ်း နမူနာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည်နှင့်အညီ ယဉ်ကျေးမှု အမွေအနှစ် မထိခိုက်စေရန် စိစစ်အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပုဂံခေတ် ရေစီမံခန့်ခွဲမှုစနစ်ကို သုတေသနပြုရင်း ထိန်းသိမ်းမွမ်းမံမှုကိုပါ ပူးတွဲဆောင်ရွက်ရန်၊ နိုင်ငံတော်အကြီးအကဲသည် ယဉ်ကျေးမှုအမွေအနှစ်များကိုအလေးထား၍တန်ဖိုးထားထိန်းသိမ်းအားပေးသည်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဟန်ချက်ညီညီဖြင့် ဆောင်ရွက်ရန်၊ မပြီးပြတ်သေးသော ဆောင်ရွက်ဆဲ လမ်းညွှန်ချက်များကို တွန်းအားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ဆယ်ယူလျက်ရှိသည့် ပြာသာဒ်ကန် (ကန်သစ်ကန်)၊ ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံး(တောင်ဘက်ခြမ်း)တူးဖော်မှုနှင့် မြောက်ဘက်ကျုံးတူးဖော်ရန် လျာထားဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်း ပြန်လည်ဖော်ထုတ်ခြင်းတွင် ရေလမ်းကြောင်း သုံးကြောင်းခွဲခြားဆောင်ရွက်မှု၊ ကွင်းဆင်း၍ အသေးစိတ်တိုင်းတာ တွက်ချက်ရရှိလာသော ရေလမ်းကြောင်းသုံးခုလုံး၏ Topographic Map အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပုံစံဒီဇိုင်းထုတ်ယူနိုင်ရေးအတွက် ရေးဆွဲပေးနေကြောင်း၊ အဆိုပါ အချက်အလက်များကိုလည်း ကမ္ဘာ့အမွေအနှစ်စင်တာသို့ ပေးပို့မည့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation အစီရင်ခံစာတွင် ထည့်သွင်းသွားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည် ရေလမ်းကြောင်း အမှတ်(၁)၏ အဆုံးဖြစ်သော ပုဂံမြို့ဟောင်းမြောက်ဘက်ကျုံးမှ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းသည့် လမ်းကြောင်းတစ်လျှောက် အတိုင်း သွားရောက်ကြည့်ရှုပြီး ရေလမ်းကြောင်း အမှတ်(၂)၏ အဆုံးဖြစ်သည့် ဧရာဝတီမြစ်တွင်းသို့စီးဝင်သော ဝက်ကြီးအင်းချောင်း (အရှည် ၃၀၇၅ ပေ၊ အောက်ပိုင်းအကျယ် ပေ ၈၀ နှင့် အပေါ်ပိုင်း ပေ ၅၀)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ မြစ်ရေတိုးမှု ကာကွယ်နိုင်ရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည့်ဖြင့် ကဏ္ဍစုံထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၃၁-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကိုလံဘီယာ၊ ဂျပန်၊ စပိန်၊ ဩစတြေးလျတို့ နိုင်ပွဲကိုယ်စီရယူ

၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီ ၃၀မိနစ်က ကိုလံဘီယာအသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုလံဘီယာအသင်းက နယူးဇီလန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကိုလံဘီယာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၆မိနစ်တွင် မာဆယ်လာ၊ ပွဲချိန် ၇၂မိနစ်တွင် ဆန်းတို့စ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

အုပ်စု (C) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀မိနစ်က ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက ဘရာဇီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၃ သို့ ■



ဘရာဇီးအသင်းအား အနိုင်ရရှိပြီးနောက် ဂျပန်အသင်း အောင်ပွဲခံနေစဉ်။